မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၀ ရက်၊ ၂၀၀၇ ခုနှစ်၊ စက်တင်ဘာ ၇ ရက်၊ သောကြာနေ့၊ အတွဲ (၄၆)၊ အမှတ် (၃၃၇)

နိုင်ငံတော်အကြီးအကဲ ပိုလ်ချုပ်မှူးကြီးသန်းရွှေ ဘရာဇီးလ်နိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် စက်တင်ဘာ ၇

၂၀၀၇ ခုနှစ် စက်တင်ဘာ ၇ ရက်တွင် ကျရောက်သော ဘရာဇီးလ်ပြည်ထောင်စု သမ္မတနိုင်ငံ၏ နှစ်ပတ်လည်လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဘရာဇီးလ်ပြည်ထောင်စုသမ္မတနိုင်ငံ သမ္မတ မစ္စတာ လူးဝစ် အင်နာစီရိုလူလာဒါ ဆီးလ်ဗားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

၂၀၀၇ ခုနှစ် အာဆီယံအမျိုးသမီး ဘောလုံးပြိုင်ပွဲ မြန်မာနိုင်ငံက ပထမဆုံးအကြိမ် အိမ်ရှင်အဖြစ် လက်ခံကျင်းပ တိုင်းမှူး ပိုလ်ချုပ်လှဌေးဝင်း အားကစားသမားများ နှုတ်ဆက်အားပေး

ရန်ကုန် စက်တင်ဘာ ၆

မြန်မာနိုင်ငံက ပထမဆုံးအကြိမ် အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ၂၀၀၇ ခုနှစ် အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ည နေ ၇ နာရီတွင် ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်း၌ ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း တက်ရောက်၍ အားကစားသမားများအား နှုတ်ဆက်အားပေးသည်။

စာမျက်နှာ ၃ ကော်လံ ၃

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* နိုင်မာသည့် ဖွံ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွံ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ဒေတာမဲပွဲဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ရေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ်ရင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြွရှိရေးနှင့် ပညာရည်မြင့်မားရေး

၂၀၀၇ ခုနှစ် အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်း၌ ကျင်းပရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းနှင့်အဖွဲ့ ပထမပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားကြမည့် စင်ကာပူအသင်းနှင့် မြန်မာအသင်း အားကစားသမားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစဉ်။ (မြန်မာ့အလင်း)

အမေရိကန်တို့၏ ပစ်မှတ်ရုပ်သေးရုပ်မှာ ဒေါ်စုကြည်နှင့် NLD မှတစ်ပါး အခြားမရှိနိုင်

မြန်မာ့အလင်း ဆောင်းပါး အဋ္ဌုန်း

ယနေ့အောင်မြင်ပြီးမြောက်ခဲ့ပြီဖြစ်သည့် အမျိုးသားညီလာခံကြီးက နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်ရမည့် အခြေခံမူများကို ချမှတ်ခဲ့ရာ၌ "နိုင်ငံတော်အတွင်း မည်သည့်နိုင်ငံခြားတပ်ဖွဲ့ကိုမျှ တပ်ချွတ်မပြု" ဟူသော နိုင်ငံခြားရေးနှင့်စပ်လျဉ်းသည့် အခြေခံမူကို တညီတညွတ်တည်းချမှတ်ခဲ့ပါသည်။ အဆိုပါအခြေခံမူကြောင့် မြန်မာနိုင်ငံ၌ တပ်စခန်းချထားလိုသော အမေရိကန်တို့အဖို့ ဆွေ့ဆွေ့ခုန်စရာဖြစ်ခဲ့ရပါသည်။ သို့အတွက် မြန်မာနိုင်ငံ၌ ၎င်းတို့၏ စစ်စခန်းကို လက်ခံမည့်အစိုးရတစ်ရပ် တစ်နည်းအားဖြင့် ရုပ်သေးအစိုးရတစ်ရပ်လိုအပ်နေခြင်း ဖြစ်ပါသည်။ ထိုလိုအပ်ချက်အတွက် အမေရိကန်တို့၏ ပစ်မှတ်ရုပ်သေးရုပ်မှာ ဒေါ်စုကြည်နှင့် NLD မှတစ်ပါး အခြားမရှိနိုင်ပါ။

ကျော်ရဲမင်း၏ အမေရိကန်၊ ဖြိုတိန်တို့၏ မြန်မာ့နိုင်ငံရေး၌ ဝင်ရောက်နှောင့်ယှက်ဖက်မှုများ (၂) ဆောင်းပါး (စာ ၈၊ ၉ နှင့် ၁၀) တွင် ဖတ်ရှုနိုင်ပါသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
၁၂၅၉ နှစ်တာညီတောင်သဆဲး
Established 1914

အယ်ဒီတို့ အတော်

(၂၀၀၇ ခုနှစ်၊ စက်တင်ဘာ ၇ ရက်)

နိုင်ငံတော်သစ်ဆီသို့ အသွင်ကူးပြောင်းရေး တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး ဝိုင်းဝန်းဖော်ဆောင်

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက်ရေးသည် နိုင်ငံတော်၏ အဓိကုံးသားရေးရည်မှန်းချက်ပင်ဖြစ်သည်။ အဓိကုံးသားရေးရည်မှန်းချက်များ အောင်မြင်စေရန် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံကောင်းများ ဖြစ်ထွန်းလာမှုနှင့်အတူ နိုင်ငံတော်အသွင်ကူးပြောင်းရေးကို ဖန်တီးဖော်ဆောင်ပေးလျက် ရှိသည်။

ထိုသို့ဖော်ဆောင်ရာတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးအတွက် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရန် အဓိကုံးသားညီလာခံကြီးကို အောင်မြင်ပြီးမြောက်စွာ ကျင်းပခဲ့ပြီးဖြစ်သည်။

ရှေ့ဆက်ဆောင်ရွက်မည့် နိုင်ငံတော်အသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်အဆင့်ဆင့် အောင်မြင်ပြီးမြောက်ရေးအတွက် တိုင်းရင်းသားပြည်သူများအနေဖြင့် အဓိကုံးသားအကျိုးစီးပွားကို ရှေးရှုလျက် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပေသည်။

နိုင်ငံတော်သစ် အသွင်ကူးပြောင်းရေး ဖြစ်စဉ်အဆင့်ဆင့် အောင်မြင်ဖြစ်ထွန်းစေရန်နှင့် ဖြစ်ပေါ်လာမည့် နိုင်ငံတော်သစ်ကြီး အစွန့်ရှည်တည်တံ့ခိုင်မြဲစေရန် တည်ငြိမ်အေးချမ်းမှု၊ စည်းလုံးညီညွတ်မှု၊ တရားဥပဒေစိုးမိုးမှု၊ အဓိကုံးသားစီးပွားခိုင်မာမှု စသော အခြေခံကောင်းများ ဆက်လက်ဖြစ်ထွန်းနေရန် လိုအပ်သည်။

ယခုအခါ ရရှိဖြစ်ထွန်းနေပြီဖြစ်သည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေခံရလဒ်ကောင်းများ ပျက်ပြားသွားစေရန် အဖျက်အမှောင့်လုပ်ရပ်များ၊ ဆူပူလှုံ့ဆော်မှုများ၊ ဘေးပယောဂ နိုင်ငံရေးအမြတ်ထုတ်မှုများ အရှိန်မြှင့်လုပ်ဆောင်လာသည်ကို တွေ့ရသည်။ အထူးသဖြင့် အင်အားကြီးနိုင်ငံအချို့သည် နိုင်ငံငယ်များ၏ ပြည်တွင်းရေး မငြိမ်မသက်ဖြစ်စေရန် အားပေးအားမြှောက် ပြုလုပ်လာကြသည်။

တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးအနေဖြင့် အဓိကုံးသားအကျိုးစီးပွားကို ရှေးရှုလျက် နိုင်ငံတော်သစ်ဆီသို့ အသွင်ကူးပြောင်းရေးအဆင့်ဆင့် အောင်မြင်ဖြစ်ထွန်းစေရန် အဖျက်အမှောင့် အနှောင့်အယှက်များ၏ အန္တရာယ်မှ ဝိုင်းဝန်းတားဆီး ကာကွယ်သွားကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ပါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူ အဖြစ် သတ်မှတ်ချေမှုန်းကြ။

မရမ်းကုန်း သမိုင်းဝင် ကျိုက်ဝိုင်းစေတီတော် တောင်ဘက်စောင်းတန်း တည်ဆောက်ရေးလှူဒါန်း

ရန်ကုန် စက်တင်ဘာ ၆

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် ကျောက်တော်ကြီးဘုရားလမ်းရေ ခင်ပွန်းဦးညွှန့်လှိုင် နှင့် မောင်ဖြစ်သူမောင်အောင်တင်မိုးတို့အား ရည်စူး၍ ဒေါ်စံပယ်အောင်၊ သမီး မအင်ကြင်းဖြူတို့က ငွေကျပ်နှစ်သိန်း လူဒါန်းရာ ဂေါ်ပကအဖွဲ့ဝင်ဦးသိန်းစိုးနှင့် ဦးဟဲညွှန့်တို့က အလှူရှင်အား ဂုဏ်ပြုမှတ်တမ်းလွှာကိုပေးအပ်သည်။ **(အေပါ်ပုံ)**

အဆိုပါ စောင်းတန်းတော်ကြီး တည်ဆောက်ရေးအတွက် လူဒါန်းလှူသည့် အလှူရှင်များအနေဖြင့် စေတီတော်ဂေါ်ပကရုံး ဖုန်း-၆၆၀၀၀၆၊ ၇၁၀၃၇၄၇တို့သို့ ဆက်သွယ်လူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဇလွန်မြို့နယ်အသင်း ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် စက်တင်ဘာ ၆

ဇလွန်မြို့နယ်အသင်း (ရန်ကုန်)၏ ဆဋ္ဌမအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲ နှင့်မဟာကမ္မဋ္ဌာန၀ရိယ ဘွဲ့တံဆိပ်တော် ချီးမြှင့်ခြင်းခံရသော ကျိုက္ကလော့ဆရာတော် ဒေါက်တာ စန္ဒာဝရာဘိဝံသအားဂုဏ်ပူဇော်ပွဲကို စက်တင်ဘာ ၉ရက်(တနင်္ဂနွေနေ့) ညနေ ၃နာရီ တွင် စမ်းချောင်းမြို့နယ် စမ်းချောင်းလမ်းရှိ မြသိန်းတန်အောင် မွေ့ချကြီးတွင် ကျင်းပမည်ဖြစ်သည်။

လှူဒါန်းနိုင်

ပါဝင် လူဒါန်းလိုသူများသည် ဥက္ကဋ္ဌ ဦးလှမြင့် (ကောသိပန် တိုင်းရင်းဆေးပါထုတ်လုပ်ရေး) ဖုန်း-၅၁၀၃၆၇၊ ၅၁၀၆၁၇၊ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသော ဦးသိန်း ဖုန်း-၅၅၄၁၉၁နှင့် ဦးကျော်စိုးဝင်း ဖုန်း-၅၅၆၉၄၃ တို့သို့ ဆက်သွယ် လူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

လုပ်ငန်းကျွမ်းကျင်မှု အရည်အသွေးတိုးတက်လာစေရန် အစဉ်ကြိုးစား အမှုမျာ မကြန့်ကြာစေဘဲ ပြီးပြတ်အောင်ဆောင်ရွက် ဥပဒေနှင့်အညီ တရားစီရင်သောစနစ်ဖြစ်ထွန်းရေး ရည်မှန်း

ရန်ကုန် စက်တင်ဘာ ၆

တရားရုံးချုပ် တရားသူကြီးချုပ်ဦးအောင်တိုးက တရားရုံးများတွင် တရားစီရင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ တရားရုံးချုပ်ရှိ တရားရေးအရာရှိများ၊ ရန်ကုန်တိုင်းအတွင်းရှိ တိုင်းတရားသူကြီး၊ တိုင်း၊ ခရိုင်၊ မြို့နယ်အတွင်းရှိ တရားသူကြီးများ၊ ဦးစီးအရာရှိများနှင့် ဒုတိယဦးစီးမှူးများအား တွေ့ဆုံမှာကြားသည့် အခမ်းအနားကို ယမန်နေ့ ညနေ ၃ နာရီက တရားရုံးချုပ်(ရန်ကုန်) မြေညီထပ်ရှိ အစည်းဝေးခန်းမ(၂)တွင် ကျင်းပသည်။

တက်ရောက်

ယင်းတွေ့ဆုံမှာကြားပွဲသို့ တရားရုံးချုပ်(ရန်ကုန်)မှ ဒုတိယတရားသူကြီးချုပ်ဦးသိန်းစိုး၊ တရားရုံးချုပ် တရားသူကြီးများဖြစ်ကြသော ဦးခင်မြင့်၊ ဒေါက်တာတင်အောင်အေး၊ ဦးမြင့်သိန်း၊ ဦးချစ်လွင်၊ ဦးတင်အေးနှင့် ဦးဟန်ရှိန်၊ တရားရုံးချုပ်ညွှန်ကြားရေးမှူးများ၊ တွဲဖက်ညွှန်ကြားရေးမှူးများနှင့် ဒုတိယညွှန်ကြားရေးမှူးများ၊ ရန်ကုန်တိုင်းတရားသူကြီး ဦးမြသိမ်းနှင့် တွဲဖက်တိုင်းတရားသူကြီးများ၊ ခရိုင်တရားသူကြီးများနှင့် ဒုတိယခရိုင်တရားသူကြီးများ၊ မြို့နယ်တရားသူကြီးများ၊ တွဲဖက်မြို့နယ် တရားသူကြီးများ၊ ဒုတိယမြို့နယ်တရားသူကြီးများ၊ ဦးစီးအရာရှိများနှင့် ဒုတိယဦးစီးမှူးများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

တွေ့ဆုံပွဲတွင် တရားသူကြီးချုပ် ဦးအောင်တိုး**(အပေါ်ပုံ)**က မှာကြားရာတွင် တရားရေးအရာရှိများနှင့် တရားရေးဝန်ထမ်းများသည် နိုင်ငံဝန်ထမ်းများဖြစ်သည့် အားလျော်စွာ ဝန်ထမ်းများစောင့်ထိန်းရမည့် ကျင့်ဝတ်နှင့် လိုက်နာရမည့် စည်းကမ်းများကို သိရှိလိုက်နာကြရန် လိုအပ်ကြောင်း၊ တရားစီရင်ရေးဆိုင်ရာ ကျင့်ဝတ်များဥ်လိုအပ်သည့် အရည်အသွေးစံနှုန်းများကို သတ်မှတ်ထားကြောင်း၊ ထိုသို့သရုပ်ဖော်ပြထားသော လွတ်လပ်စွာတရားစီရင်ခြင်း၊ ဘက်လိုက်မှုကင်းခြင်း၊ တည်ကြည်ဖြောင့်မတ် သမာဓိရှိခြင်း၊ လျောကိယတ်သော ဂုဏ်သတ္တိရှိခြင်း၊ သာတူညီမျှမှုရှိခြင်း၊ စွမ်းရည်ပြည့်စုံခြင်းနှင့် လုံလဒ်ရိယရှိခြင်းဆိုသော ဂုဏ်အင်္ဂါ (၆) ရပ်ကို ကိုင်တွယ်ကျင့်သုံးဆောင်ရွက်ရန်လိုကြောင်း။

မှန်မှန်ကန်ကန်ဆောင်ရွက်

တရားဥပဒေများကို လေးစားလိုက်နာခြင်း၊ လုပ်ခွင်စည်းကမ်းများ၊ အဓိန်၊ ညွှန်ကြားချက်များကို လိုက်နာခြင်း၊ ပေးအပ်သောတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ရာတွင် အဂတိကင်းရှင်းစွာ ဥပဒေနှင့်အညီ မှန်မှန်ကန်ကန် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ လုပ်ငန်းကျွမ်းကျင်မှု အဆင့်မြင့်မားလာစေရန် နှင့်အရည်အသွေး တိုးတက်လာစေရန် အစဉ်ကြိုးစားကြရန် လိုအပ်ကြောင်း၊ အမှုများမကြန့်ကြာစေဘဲ ပြီးပြတ်သင့်သောအချိန် ပြီးစီးအောင်ဆောင်ရွက်ကြရန် တာဝန်ရှိကြောင်း၊ နိုင်ငံတော်၏ တရားရေးမဏ္ဍိုင် တည်မတ်ခိုင်မာစေရန်နှင့် အဂတိတရား ကင်းရှင်းသည့် ပြည်သူများမှ ယုံကြည်အားကိုးမှုရရှိစေမည့် ဥပဒေနှင့်အညီတရားစီရင်သော စနစ် ဖြစ်ထွန်းရေးအတွက်ရည်မှန်းချက်ထား၍ ဆောင်ရွက်လျက်ရှိနေကြောင်း၊ ထိုရည်မှန်းချက် မပျောက်ပျက်စေရန် အတွက် တရားရုံးချုပ်နှင့် တရားရုံးအဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်လျက်ရှိသော ပြည်သူ့ဝန်ထမ်းအဆင့်အတန်းအားလုံးအနက် တစ်ဦးဦးသည် မိမိ၏တာဝန်နှင့် လုပ်ပိုင်ခွင့်ကို ကျင့်သုံးရာတွင် လာဘ်ပေးလာဘ်ယူမှု ပြုလုပ်လျင်သော်လည်းကောင်း၊ ကိုယ်ကျိုးရှာမှု၊ အနိုင်အထက်ပြုမှုများ ပြုလုပ်လျင်သော်လည်းကောင်း၊ တည်ဆဲ လုပ်ထုံးလုပ်နည်းများနှင့်မကိုက်ညီသော ပြုလုပ်မှုများကို ပြုလုပ်လျင်သော်လည်းကောင်း ထိခိုက်နစ်နာသူကိုယ်တိုင် စာဖြင့်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ၊ ဖက်စ်ဖြင့်ဖြစ်စေ သတင်းပေးတိုင်ကြားနိုင်ကြောင်း၊ ထိုသို့တိုင်ကြားလာလျှင် တရားရုံးချုပ်က မြန်ဆန်ထိရောက်စွာ စုံစမ်းစစ်ဆေး ဖော်ထုတ်အရေးယူသွားမည် ဖြစ်ကြောင်း၊ ထို့ကြောင့် တရားရုံး အဆင့်ဆင့်ရှိ တရားရုံးတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများအားလုံးသည် မိမိတို့ တာဝန်များကို ရိုးသားဖြောင့်မတ်စွာ ကျေကျေပွန်ပွန် ထမ်းဆောင်ကြရန်နှင့် တရားစီရင်ရာတွင် ဥပဒေနှင့်အညီ မှန်မှန်ကန်ကန် ဆောင်ရွက်ကြရန် ဖြစ်ကြောင်း ရှင်းလင်း မှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဥာဏ်ဝင်း ဘရာဇီးလ်နိုင်ငံ လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့

နေပြည်တော် စက်တင်ဘာ ၇

၂၀၀၇ ခုနှစ် စက်တင်ဘာ ၇ ရက်တွင် ကျရောက်သော ဘရာဇီးလ်ပြည်ထောင်စုသမ္မတနိုင်ငံ၏ နှစ်ပတ်လည်လွတ်လပ်ရေးနေ့၌ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဥာဏ်ဝင်းထံမှ ဘရာဇီးလ် ပြည်ထောင်စုသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာဆယ်လ်ဆိုလူးစစ်ဈူးအာမိုရင်း(ဓဲ)ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

စက်တင်ဘာ ၆ ရက်က ပါကစ္စတန်အစ္စလာမ္မစ်သမ္မတနိုင်ငံ၏ တပ်မတော်နေ့ အထိမ်းအမှတ် ဧည့်ခံပွဲသို့ တက်ရောက်လာသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဧနီးတို့အား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ပါကစ္စတန်အစ္စလာမ္မစ်သမ္မတနိုင်ငံ စစ်သံမှူး Colonel Muxammil Hussain Shah နှင့် ဧနီးတို့ ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း စာတမ်းဖတ်ပွဲ

ရန်ကုန် စက်တင်ဘာ ၆

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း မျိုးဆက်သစ်အင်ဂျင်နီယာ လူငယ်များ၏ စာတမ်းဖတ်ပွဲတွင် ဝါရင့်အင်ဂျင်နီယာများ ဖြစ်သော ဦးကျော်စန်းဝင်းနှင့် ဦးဟန်ဇော်တို့က စက်တင်ဘာ ရက်(စနေနေ့) မွန်းလွဲခန့်ရှိတွင် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၌ ဟောပြောမည်ဟု သိရသည်။ (က-ပ)

ကမ္ဘာ့စားနပ်ရိက္ခာဒေနေ့အထိမ်းအမှတ် အခြေခံပညာအဆင့်စာစီစာကုံးနှင့်ပိုစတာပြိုင်မည်

နေပြည်တော် စက်တင်ဘာ ၆

ကမ္ဘာ့စားနပ်ရိက္ခာဒေနေ့ အထိမ်းအမှတ်အခမ်းအနားကို အောက်တိုဘာ ၁၆ ရက်တွင် နေပြည်တော်၌ ကျင်းပမည်ဖြစ်သည်။ ယခုနှစ်အတွက် ဆောင်ပုဒ်မှာ “ The Right to Food ”ဖြစ်ပြီး မြန်မာဘာသာပြန်ဆိုမှုမှာ **“စားနပ်ရိက္ခာဖူလုံရို့၊ ပိုင်းဝန်းကြိုးပမ်း ထုတ်လုပ်ရို့”** ဟူ၍ ဖြစ်သည်။

ဆုများချီးမြှင့်

အဆိုပါ အခမ်းအနားဌာန ရိက္ခာထုတ်လုပ်မှု ထူးချွန်ဆုများနှင့်အတူ အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်း ကျောင်းသား ကျောင်းသူများအတွက် စာစီစာကုံးနှင့် ပိုစတာပြိုင်ပွဲများ ကျင်းပပေးပြီး ဆုရရှိသူ ကျောင်းသား ကျောင်းသူများကို ဆုများချီးမြှင့်ရန် စီစဉ်လျက်ရှိသည်။

စာစီစာကုံးနှင့် ပိုစတာပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် ခေါင်းစဉ်မှာ အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် သုံးဆင့်စလုံး အတွက် တစ်မျိုးတည်းသတ်မှတ်ထားပြီး **“စားနပ်ရိက္ခာဖူလုံရို့၊ ပိုင်းဝန်းကြိုးပမ်း ထုတ်လုပ်ရို့”** ဟူ၍ ဖြစ်သည်။

စာစီစာကုံးပြိုင်ပွဲတွင် အဆင့်သုံးဆင့်စလုံး၌ ပထမ၊ ဒုတိယ၊တတိယ တစ်ခုစီဖြင့် ဆုပေါင်းကိုးဆု၊ စာစီစာကုံးအထူးဆုအနေဖြင့် အထက်တန်းလေးဆု၊ အလယ်တန်းသုံးဆု၊ မူလတန်းသုံးဆုဖြင့် ဆုပေါင်း ၁၀ ဆု စုစုပေါင်း ၁၉ဆု ရွေးချယ်ချီးမြှင့်မည်ဖြစ်သည်။

ပိုစတာပြိုင်ပွဲတွင် အဆင့်သုံးဆင့်စလုံး၌ အထက်တန်းအဆင့် ပထမ ဆုတစ်ဆု၊ အလယ်တန်းအဆင့် ပထမဆု တစ်ဆု၊ မူလတန်းအဆင့် ပထမဆုတစ်ဆုဖြင့် ဆုပေါင်းသုံးဆု၊ ပိုစတာအထူးဆုအနေဖြင့် အထက်တန်း လေးဆု၊ အလယ်တန်းသုံးဆု၊ မူလတန်းသုံးဆုစီဖြင့် ဆုပေါင်း ၁၀ ဆု၊ စုစုပေါင်း ၁၃ ဆု ရွေးချယ်ချီးမြှင့်မည်ဖြစ်သည်။

ရေးဆွဲယှဉ်ပြိုင်

စာစီစာကုံးနှင့် ပိုစတာပြိုင်ပွဲအတွက် သက်ဆိုင်ရာကျင်းပရေးကော်မတီများက အသေးစိတ်စည်းကမ်းချက်များ ချမှတ်ပေးထားမည်ဖြစ်ပြီး ပိုစတာပြိုင်ပွဲအတွက် (၁၅ လက်မ x လက်မ ၂၀) အရွယ် နှစ်သက်ရာ ဆေး၊ နှစ်သက်ရာ စက္ကူအမျိုးအစား၊ နှစ်သက်ရာ နည်းစနစ်ဖြင့် ရေးဆွဲယှဉ်ပြိုင်နိုင်သည်။

ပြိုင်ပွဲများနှင့်စပ်လျဉ်း၍ အသေးစိတ်သိရှိလိုပါက လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန နှစ်ရှည်ပင်နှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းဌာန (နှစ်ရှည်ပင်လုပ်ငန်း) ဖုန်း-၀၁-၆၆၇၃၁၆၊ ၀၁-၆၆၇၃၇၅၄နှင့် ပညာရေးဝန်ကြီးဌာန အမှတ်(၃)အခြေခံပညာဦးစီးဌာနတို့တွင် စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံတော်အဝိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရန့

လစဉ် လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မပြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရန့ ဖြစ်သည်။

၂၀၀၇ ခုနှစ် စက်တင်ဘာလအတွက်

(၉-၉-၂၀၀၇)ရက်နေ့

နှင့်

(၃၀-၉-၂၀၀၇)ရက်နေ့

● ရွှေဖုံမှ

တက်ရောက်အားပေး

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၏ ဧနီး ဒေါ်ခင်သက်ဌေး၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း၏ ဧနီး ဒေါ်မာမာဝေ၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သုရအေးမြင့်၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဝင်များနှင့် ၎င်းတို့၏ ဧနီးများ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးနှင့် တာဝန်ခံနာယကများ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်များအဖွဲ့ နာယက ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး H.E. Mr. Hul Phany၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အာဆီယံနိုင်ငံများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ သံတမန်များနှင့် ၎င်းတို့၏ ဧနီးများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် အမှုဆောင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ရွှေဥဒ္ဓိဘာ တာဇွမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းနှင့် မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းတို့မှ ကျောင်းသူလေးများက ဘင်ဓရာအဖွဲ့နှင့်တွဲဖက်၍ ပန်းဖွားအကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် အဆိုတော်ဇော်ဝင်းထွဋ်က ဦးဆောင်၍ တိုင်းရင်းသား တိုင်းရင်းသူများက စည်းလုံးခြင်းအတွက် သီချင်းတစ်ပုဒ် သီချင်းကိုသီဆိုကာ တိုင်းရင်းသားရိုးရာ အကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ပြိုင်ပွဲဖွင့်လှစ်

ယင်းနောက် အခမ်းအနားများဖြစ်ကြသော ဦးဆန်းထွဋ်နှင့် ဒေါ်သွယ်သွယ်မြင့်တို့က ၂၀၀၇ခုနှစ် အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲ ဖွင့်လှစ်ကြောင်း ကြေညာကြပြီး မိုးပျံပူဖောင်းများ လွှတ်တင်ကာ ပန်းစက္ကူများ ပစ်ဖောက်၍ ပြိုင်ပွဲကို ဖွင့်လှစ်လိုက်သည်။

ဆက်လက်၍ ပထမပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားကြမည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းနှင့် စင်ကာပူလက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းတို့သည် ဒိုင်လူကြီးများ ဦးဆောင်၍ ကွင်းအတွင်းသို့ ဝင်ရောက်နေရာယူကြပြီး အနုပညာရှင်များက နှစ်ဖက်အသင်းတို့မှ အားကစားသမားများအား ပန်းစည်းများကို ပေးအပ်ကြသည်။

နှုတ်ဆက်အားပေး

ထို့နောက် ရန်ကုန်တိုင်းအေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဒုတိယဗိုလ်ချုပ်သုရအေးမြင့်၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ မြန်မာနိုင်ငံအားကစားသမဂ္ဂအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်၊ အာဆီယံဘောလုံးအဖွဲ့ချုပ် ကိုယ်စားလှယ် Mr. Juan Miqueal, G.Romualdez နှင့် အာရှဘောလုံးအဖွဲ့ချုပ်မှ ပြိုင်ပွဲကျင်းပရေးတာဝန်ခံ Dato Yap Nyim Keong တို့က ပထမပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားကြမည့် နှစ်ဖက်အသင်းတို့မှ အားကစားသမားများအား လိုက်လံနှုတ်ဆက်အားပေးကြသည်။

အနိုင်ရ

ယင်းနောက် နှစ်ဖက်အသင်းတို့မှ အားကစားသမားများက စင်ကာပူသမ္မတနိုင်ငံ နိုင်ငံတော်သီချင်းနှင့်ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်သီချင်းတို့ကို သီဆိုကြပြီး ပထမပွဲ စဉ်အဖြစ် မြန်မာ့လက်ရွေးစင်အမျိုးသမီးဘောလုံးအသင်းနှင့် အမျိုးသမီးဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းက သုံးဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ (သတင်းစဉ်)

The Live News ဂျာနယ်အမှတ်(၅၁)ထုတ်ဝေဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၆

ရွှေပြည်စိုးစာပေတိုက်မှ အပတ်စဉ် ထုတ်ဝေဖြန့်ချိလျက်ရှိသည့် **The Live News** ဂျာနယ် အမှတ်(၅၁)ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်သည်။

ရန်ကုန်တိုင်း တရားရုံးကြီး ဗဟိုတရားရုံးချုပ်(ပန်းဆိုးတန်း)သို့ ပြောင်းမည်ဆိုကာမဟုတ်ပါ၊ သန်းခေါင်စာရင်းနှင့် နေထိုင်သူများအား သက်ဆိုင်ရာမြို့နယ်ဌာန နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးမည်၊ မိသားစုသုံးမြေစေ့စပ်အိုးမှ အများသုံးမြေစေ့စပ်ဝိုင်ကီများတိတ္ထင်နိုင်ခဲ့၊ ၂၀၀၇ ခုနှစ်တွင် မင်္ဂလာပွဲ ဆင်ခွင်လို့သူများအတွက် အိပ်မက်မင်္ဂလာပြပွဲ၊ လုံးကြီးတင်နှင့် ပြုသည့် သာသနာ(၁)၊ နာဂရီပရက္ကာရိဏီဆဿာ၊ မီးတောင်ကျွန်း:ကမ္ဘိုဖြစ်သောစာများ၊ ဆမ်မာရာတွင်ခိုခို့ခြင်းသောနေ့၊ စည်ပင်လမ်းအမည် ပြောင်းထားပြီး ဖြစ်တဲ့ ကော်ပိုရေးရှင်းလမ်း၊ ကိုဆိုဖိုကြက်ပွဲ၊ တရုတ်ကာကွယ်ရေးဝန်ကြီး၏ ထူးထူးခြားခြားကျဟုန်ခရီးစဉ်၊ အစားကြူး၍ အပျင်းထူသူသြစတေးလျသားများ ဆီးချိရောဂါအဖြစ်များ၊ ကမ္ဘာ့အချစ်သာဆုံးခွေးမလေးမိဒုက္ခ၊ တက္ကစီမင်းနှင့် အဖော်၊ ၂၀၀၇ ခုနှစ် စက်တင်ဘာလ ၈ ရက်မှ စက်တင်ဘာလ ၁၄ ရက်အတွင်း ခွေးမွားသော မျိုးဆက်သစ်ကလေးငယ်များ၏ ဘဝတစ်သက်တာ ကံဆာတာ၊ ကိုရီးယားရပ်ရှင် ကြိုတင်ဇာတ်လမ်းများစသည့် သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများကို ပါရှု၊ ဦးဇင်ကလေး၊ မြင်းမူဆောင်နိုင်ငံမိုး၊ နီမင်းဆွေ၊ ကိုကိုလွင်၊ မောင်မြတ်မွန်(ဆူးလေ)၊ လက်ယာ(မေတ္တာတံခွန်)၊ မောင်နေလင်း၊ ရဲဇော်(ဇီးကုန်း)နှင့် အဖြို့ဖြို့ အနန်ယနယ် စာရေးဆရာ၊ သတင်းစာဆရာများက ဝေဝေဆာဆာ တင်ဆက်ထားသည်။

The Live News ဂျာနယ်နှင့် နွယ်သာကီမဂ္ဂဇင်းသို့ စာမူမေးပို့လိုသူများ၊ ဖြန့်ချိရေးကိစ္စ ဆောင်ရွက်လိုသူများသည် အမှတ် ၃၁၀ ဝါးတန်းလမ်း မြေညီထပ် အခန်း ၀၀၄ လမ်းမတော်မြို့နယ် ဖုန်း-၂၂၉၈၅၂၊ ၂၂၉၈၈၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

စာအလင်းရောင် လမ်းပြဆောင်

- စာတတ်ဖို့ အလေးမူ
  ဖေးကူလို့ သင်ပေး။
  စာတန်ဆောင် ရောင်ခြည်ဝင်းတယ်
  လင်းပြီကွဲ့လေး။
- ကောက်သင်းကောက် တစ်ယောက်မကျန်
  စာတတ်မြောက်ရန်၊
  အသိဉာဏ် အလင်းဖွင့်
  စာဖတ်ရှုနိုင်ဖြင့်။
- အလင်းတဲ့ တစ်တိုင်းနှစ်တိုင်
  တိုင်တွေက ဆင့်ပွားဆင့်ပွား။
  တစ်တိုင်မှာ တစ်တိုင်ဆက်တော့
  ရွှန်းလက် တောက်ကြွား။
- ဥာဏ်ဆီမီးလှုံးနဲ့
  ဖန်တီးလို့ တည်ထောင်
  ခေတ်သစ် လူဘောင်၊
  စာတန်ဆောင် အမှောင်ကိုဖြိုခွင်း။
  စာဖတ်ရှိန် အားသစ်လောင်းလို့
  ကောင်းကျိုးဆောင်နှင်း။ ။

ကိုကျော်(ပညာရေးသုတေသန)

ရန်ကုန်-မန္တလေး ရွေးသင်္ဘောထွက်ခွာမည်

ရန်ကုန် စက်တင်ဘာ ၆

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ကုန်ပို့ဆောင်ရေးဌာနခွဲ၏ ရန်ကုန်-မန္တလေး ရွေးသဘော်ဘေ(၂) **“မြဇော”** ရေယာဉ်သည် စက်တင်ဘာ ၁၁ ရက် (အင်္ဂါနေ့)တွင် ရန်ကုန်မြို့ ဗိုလ်တထောင်အမှတ်(၆)တံတားမှ မန္တလေးမြို့သို့ ထွက်ခွာမည်ဖြစ်သည်။

ကုန်တင်ဆောင်ရောင်းချလိုသူများသည် ကုန်ပို့ဆောင်ရေးဌာနခွဲ ဗိုလ်တထောင်ဈေးလမ်းသို့ လူကိုယ်တိုင် သော်လည်းကောင်း ဖုန်း-၂၉၂၁၉၉၊ ၂၉၂၃၁၉ တို့သို့လည်းကောင်း ဆက်သွယ်ဆောင်ရွက်နိုင်သည်။

နယ်မြို့များမှတင်ဆောင်လိုပါက မအူပင်၊ ဓနုဖြူ၊ ဟင်္သာတ၊ မြန်အောင်၊ ကြံခင်း၊ ပြည်၊ သရက်၊ အောင်လံ၊ မကွေးမြို့များတွင် ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးမြို့နယ် မန်နေဂျာရုံးများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော် ထီးတော်တင်လှူပူဇော်ရန်အတွက် အေးအေးနိုင် ကျောက်စိမ်း၊ကျောက်မျက်ကုမ္ပဏီ ဒါရိုက်တာဦးအာချန်(ခ) ဦးဟန်လင်းဦးက စိန်ဖူးတော်အတွက် တစ်ဦးတည်း မတည်လှူခါန်းခွေကျပ် သိန်း၂၀ ကို ဩဂုတ် ၂၅ ရက်က ဂေါဂကအဖွဲ့ဝင်များ ဖြစ်ကြသော ဦးထွန်းဝင်း၊ ဦးဓောကြိုင်နှင့် သီဟသုဓမ္မဓဇိဓောတရေ ဦးမိုးသိမ်းနှင့် ဦးသိန်းဦးတို့ထံ ပေးအပ်လှူခါန်းစဉ်။ (က-ပ)

Yangon Tourist Map (11-2007) အာမဲ့ဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၆

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် Design Printing Services Co., Ltd. (D.P.S) သည် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ်၍ Tourist Guide Map အမျိုးမျိုးတို့ကို ၁၉၉၅ခုနှစ်မှ စတင်ပြီး ထုတ်ဝေခဲ့ရာ ယခုဆိုလျှင် ဓောင်ရေ ၁၂၀၀၀၀ ကျော်ကို စီစဉ်ပုံနှိပ်ဖြန့်ချိပြီး ဖြစ်သည်။ ယခုထပ်မံစီစဉ်၍ Yangon Tourist Map (11-2007)ကို အခမဲ့ ဖြန့်ချိနေပြီ ဖြစ်သည်။ **(ယာပဲ)**

Yangon Tourist Map (11-2007)တွင် ရန်ကုန်တစ်မြို့လုံး အသေးစိတ်ဖြေပုံနှင့် စီးပွားရေးလုပ်ငန်းအများအပြား တည်ရှိရာနေရာများကို အသေးစိတ်ဖော်ပြထားသော မြေပုံတို့ပါရှိသည်။ ထို့အပြင် ဂြိုဟ်တုမြေပုံကိုလည်း ထည့်သွင်းဖော်ပြထားသည်။ ရန်ကုန်ရှိ နိုင်ငံတကာလေကြောင်းလိုင်းများ၊ နိုင်ငံတကာသံရုံးများ Hotel, Inn, Restaurant, Travel & Tour, Golf Courses, Medical Centers, Courier Services, Language Schools, Beauty Spa, Taxi & Transport Services စသည်တို့ကို တည်နေရာနှင့် ဖုန်းနံပါတ်များကို တိကျရုံးလင်းစွာ ဖော်ပြထားသည်။ ကမ္ဘာလုည်၌ ခရီးသွားဧည့်သည်များ အသုံးပြုနိုင်ရန် ဈေးများ၊ နိုင်ငံတကာအဆင့်မီ အရောင်းခန်းကြီးများ၊ ပြတိုက်များ၊ ဘုရားပုထိုးစေတီများ၊ ကျောက်မျက်ရတနာနှင့် အမှတ်တရ ပစ္စည်းအရောင်းဆိုင်များကိုလည်း တိကျသောလမ်းညွှန်များဖြင့် အလွယ်တကူ ရှာဖွေသွားရောက်နိုင်အောင် စီစဉ်ဖော်ပြထားပါသည်။

ယခုဖြန့်ချိသော Yangon Tourist Map နှင့် အခြားမြန်မာခရီးသွားလမ်းညွှန်စဉ်များကို ပြည်ပနိုင်ငံများသို့လည်း ထိရောက်စွာဖြင့် ဖြန့်ဖြူးလျက်ရှိပြီး TTM, PATA, WTM စသည့် ခရီးသွားလုပ်ငန်းပြပွဲများတွင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ လမ်းညွှန်ကြီးကြပ်မှုဖြင့် ဖြန့်ဝေပေးပြီး ဖြစ်သည်။ ကမ္ဘာတစ်ဝန်းလုံးရှိ ခရီးသွားလုပ်ငန်းများနှင့် မြန်မာသံရုံးများ၊ ရန်ကုန်ဖြို့ရှိ နိုင်ငံခြားသံရုံးများသို့ Courier Services များ၏ အကူအညီဖြင့် စနစ်တကျ ပေးပို့ဖြန့်ချိလျက်ရှိသည်။ ပြည်တွင်းသို့ အဓိကခရီးသည် ဝင်ပေါက်ဖြစ်သော ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာသော ခရီးသည်များအားလုံးကို နေ့စဉ်ဆင့်ပေးလျက်ရှိသည့်အပြင် နိုင်ငံတကာရှိ ခရီးသွားလုပ်ငန်းများ၊ ခရီးသွားလုပ်ငန်း အဖွဲ့အစည်းများ၊ ဥပမာ-ထိုင်းနိုင်ငံ ခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့၊ ဂျာမနီ ခရီးသွားလုပ်ငန်းအစည်းအရုံးများသို့ ဖြန့်ဝေပေးဖြစ်သည်။

မြန်မာတစ်နိုင်ငံလုံးမှ Hotels, Travel & Tour Operators, Embassies in Myanmar, Airlines, Restaurants Souvenir- Shop စသည့် ခရီးသွားလုပ်ငန်းနှင့်သက်ဆိုင်သောလုပ်ငန်းများ၊ ရည်ရွယ်ညွှန်ကြားသည် ကုမ္ပဏီများတို့ပုံတင်မိတ္တူနှင့် ကိုယ်စားလှယ်လွှဲစာပြေခြယ်လည်းကောင်း၊ e-mail, Phone, Fax တို့ဖြင့်လည်းကောင်း၊ (D.P.S)အမှတ် ၁၆၅-၁၆၇၊ ၃၅လမ်း၊ ပထမထပ်၊ ကျောက်တံတားမြို့နယ်၊ရန်ကုန်ဖြို့၊ ဖုန်း-၂၀၄၀၂၀သို့ ဆက်သွယ်၍လည်းကောင်း ရုံးချိန်အတွင်း အခမဲ့မှာကြားထုတ်ယူနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အင်းစိန် အထက(၁)မှ ၂၀၀၆-၂၀၀၇ ပညာသင်နှစ်တွင် အခြေခံပညာ အထက်တန်း၌ ဂုဏ်ထူးဖြင့် အောင်မြင်ကြသူများအား ဆုချီးမြှင့်ပွဲကို ဩဂုတ် ၁၂ ရက်က ဧရာခန်းမ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် မွ.ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေက ဓြောက်ဘာသာဂုဏ်ထူးရှင် မစ္စစန်ဇာကြွယ်လိန်းအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (၀၄၆)

လက်တွေ့အသုံးချသော ဝါးစိမ်ခန့် ခွဲမှုသင်တန်းဆင်း

ရန်ကုန် စက်တင်ဘာ ၆

မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်းက ကြီးမှူးဖွင့်လှစ်ခဲ့သည့် အဆင့်မြင့်လက်တွေ့အသုံးချ ဆေးဝါးစီမံခန့်ခွဲမှုသင်တန်း အပတ်စဉ် (၁)သင်တန်းဆင်းပွဲကို ဩဂုတ် ၃၁ရက်နေ့က ၉ နာရီက ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း အမှတ် ၂၉၇ ရှိ UMFCCI Office Tower Level (5)ရှိ မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်း ကုန်သည်များနှင့် လုပ်ငန်းရှင်များ အသင်းရုံးခန်း၌ ကျင်းပသည်။

ပေးအပ်

အခမ်းအနားတွင် မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်းဘဏ္ဍာ ဒေါက်တာမောင်မောင်လေး၊ ဒုတိယဥက္ကဋ္ဌ ဦးညွှန့်တင်နှင့် တွဲဖက်အတွင်းရေးမှူး ဒေါက်တာသင်းနွယ်ဝင်းတို့က အမှာစကား ပြောကြားသည်။ ထို့နောက် သင်တန်းမှူးချုပ် ဒေါက်တာမီမီကိုက သင်တန်းအကြောင်း ရှင်းလင်းပြောကြားသည်။ ယင်းနောက် သင်တန်းတွင် သင်ကြားပို့ချခဲ့ကြသည့် သင်တန်းနည်းပြဆရာများအား ဂုဏ်ပြုလက်ဆောင်များကိုလည်း ကောင်း၊ သင်တန်းသူ သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များကိုလည်းကောင်း တာဝန်ရှိသူများက ပေးအပ်ကြသည်။ **(အောက်ပုံ)**

စုံစမ်းမေးမြန်း

လက်တွေ့အသုံးချ ဆေးဝါးစီမံခန့်ခွဲမှုသင်တန်းနှင့် အဆင့်မြင့်သင်တန်း၊ အရေးပေါ်အသက်ကယ်နည်းနှင့် ပြုစုနည်းသင်တန်းတို့ကို စက်တင်ဘာလအတွင်း ဖွင့်လှစ်ပို့ချမည်ဖြစ်သဖြင့် သင်တန်းတက်ရောက်လိုသူများသည် အသင်းရုံး ဖုန်း-၂၁၄၈၃၄သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၇-၉-၂၀၀၇
(သောကြာနေ့)
နံနက်ပိုင်း

၆း၀၀	၁။	မြဝတီအဖွင့်
၆း၀၅	၂။	အဖွင့်သီချင်း
၆း၁၀	၃။	မျိုးချစ်ဝတ်ပမတော်
၆း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုမှတ်တမ်း
၆း၃၀	၅။	မြန်မာသံစဉ်ချိန်ဒေါင်
၆း၄၅	၆။	မြန်မာ့မိုးရာဇဝင်ကျမ္မ အဆို-ဒေါ်အေးရေး၊ဒေါ်ပြိုင်ဖွဲ့အစီအစဉ်
၇း၅၀	၇။	သာယာသီကြွေးကော်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဏ္ဍာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဏ္ဍာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	လက်ရှိမင်းပြာနန်ဂီတသံ
၄း၁၅	၄။	ရင်နှစ်ခ်ီဆင်းအချစ်သီချင်း
၄း၃၅	၅။	နားဝင်ငြိမ့်စီးသီချင်းကြီး
၄း၅၅	၆။	မျိုးချစ်တပ်မတော်
၅း၂၅	၇။	အလှမ်းဆေးပန်းချီချစ်သူဆီ
၅း၃၅	၈။	သာယာသီကြွေးကော်ဆန်းတေး
၆း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၀။	နိုင်ငံတကာသတင်း
၆း၂၅	၁၁။	အမျိုးသားရေးတေးကဏ္ဍာ
၆း၄၀	၁၂။	စောင့်မျှော်ရွှေစာ ကြိုးပိုင်းစကား
၆း၄၅	၁၃။	လျှပ်တစ်ပြက်
၇း၀၀	၁၄။	ရသစုံလင်ရုပ်မြင်စာတော်လမ်း **ကိုယ့်အချစ်ဆုံး** (အပိုင်း-၃)
၈း၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	မိုးလေဝသသတင်း
	၁၇။	အမျိုးသားရေးတေးကဏ္ဍာ
	၁၈။	စိုက်ပျိုးသုတ
	၁၉။	ယနေ့သအတွက် မြဝတီ၏ ထားလက်ဆောင်
	၂၀။	ရသစုံလင်ရုပ်မြင်စာတော်လမ်း **သိုင်းဆောကမှန်တိုင်း** (ဒုတိယတွဲ) (အပိုင်း-၃၁)

တို့ကျေးရွာအတွက် နိုက်ပျိုးရေး နည်းလမ်းကောင်းများ စာအုပ်ထွက်ပြီ

ရန်ကုန် စက်တင်ဘာ ၆

ကျေးလက်ဒေသရှိ ပြည်သူတို့အား အသိပညာဗဟုသုတများ ရရှိစေရန် ရည်ရွယ်၍ ထုတ်ဝေခဲ့သော ဒို့ကျေးရွာ ဂျာနယ်တွင် ဖော်ပြခဲ့သည့် စိုက်ပျိုးရေးဆိုင်ရာ ဆောင်းပါးများအား စာဖတ်သူများ၏ တောင်းဆိုချက်အရ ပြန့်လည်စုစည်း ထုတ်ဝေထားသည်။ **(ယာပဲ)**

ဒို့ကျေးရွာဂျာနယ်တွင် ပါဝင်ရေးသားခဲ့ကြသော အောင်ဆန်း(စိုက်ပျိုးရေး)၊ ကျော်လွင်ဝေ (စိုက်ပျိုးရေး)၊ ဥာဏ်ထွန်း(စိုက်ပျိုးရေး)၊ မြင့်ဆွေ (စိုက်ပျိုးရေး)၊ မိုးထွေး(စိုက်ပျိုးရေး)၊ မောင်ဝ(စိုက်ပျိုးရေး)၊ ဇော်မိုးအောင် (စိုက်ပျိုးရေး)၊ အောင်သိုက်(စိုက်ပျိုးရေး)၊ ဟန်ဖြိုးအောင်(ဥယျာဉ်ဗြဲ)နှင့် မူးခင် (ရွှေပြည်သာ)တို့၏ စိုက်ပျိုးရေးဆိုင်ရာ ဆောင်းပါးများကို လေ့လာဖွယ်၊ အတုယူဖွယ် ဖတ်ရှုနိုင်မည်ဖြစ်သည်။

အဆိုပါစာအုပ်တွင် စပါးမျိုးများပြောင်းလဲရေးချယ်ပါ၊ ပန်းတိုင် အထွက်နှုန်း ရရှိစေမည့် စပါးစိုက်ပျိုးနည်း၊ ပြောင်းလဲလာသော စပါးစိုက်ပျိုးရေး စနစ်စသည့် စပါးစိုက်ပျိုးရေး ဆောင်းပါးများ၊ ခြံစည်းရိုးကြက်ဆူ မျှော်မှန်း အထွက်နှုန်းရရှိရန်၊ စပါးလင်ဆီမွေးနှင့် နိုင်ငံခြားဝင်ငွေရှာကြစို့ စသည့် စက်မှုကုန်ကြမ်း သီးနှံများ၊ စားသုံးဆီဖုလုပ်လှို့ဖွဲ့ မြေဖရိုက်ကြစို့၊ ဆင်းပဒေသာ စပ်ဖျံးခြေပဲ၊ နှမ်းစိုက်ပျိုးရေးစသည့် ဆီထွက်သီးနှံများ၊ ကီလိုမာလကာ စိုက်ပျိုးရေး၊ ကော်ဖီစိုက်ပျိုးဝင်ငွေတိုး၊ ဈေးကွက်ဝင်ငွေရာက်ပင် စသည့် သစ်သီးဝလံများ၊ ကြက်သွန်နီ စိုက်ပျိုးနည်း၊ ကြက်သွန်ဖြူစိုက်ပျိုးနည်း၊ ငရုတ်စိုက်ပျိုးနည်း စသည့် ဟင်းသီးဟင်းရွက် စိုက်ပျိုးနည်းများနှင့် အထွေထွေသုတေသနဆောင်းပါးများကို တစုတစည်းတည်း ဖော်ပြထားသည်။

ကျေးလက်ပြည်သူတို့၏ ရိုးရာစိုက်ပျိုးရေးလေ့ထုံးများနှင့် ခေတ်မီစိုက်ပျိုးရေး စနစ်များကို ပေါင်းစပ်ဖော်ပြထားသော စာအုပ်ကောင်း တစ်အုပ်ဖြစ်သည်။

အဆိုပါစာအုပ်ကို အမြီမြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများနှင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊ ဝါမိုးအောင် စာပေတို့တွင် တစ်အုပ်လျှင် ကျပ် ၈၀၀ နှုန်းဖြင့် ဝယ်ယူရရှိနိုင်သည်။ **(သတင်းစဉ်)**

● ကျောပုံမှ

သို့ရာတွင် ဆန္ဒပြသံဃာများက မြို့နယ်သံဃာယကဉ်ကွဲဆ ဆရာတော်အား ထုတ်ပေးရန်နှင့် တာဝန်ရှိသူများကိုင်ဆောင်ထားသည့် GSM ဖုန်းများကို ၎င်းတို့ထံ အပ်နှံရန် တောင်းဆိုခဲ့ကြကြောင်း၊ တာဝန်ရှိသူများက ၎င်းတို့တွင် အမှန်တကယ်ပါရှိလာသော GSM ဖုန်းများကို အပ်နှံခဲ့သော်လည်း ဆန္ဒပြသံဃာများက မြို့နယ်သံဃာယကဉ်ကွဲဆရာတော်အား ၎င်းတို့ထံအပ်နှံရန် ထပ်မံတောင်းဆိုပြီး တွန်းလှဲထားသော ကားများကို ထုရိုက်မီး၌ ဖျက်ဆီးခဲ့ကြကြောင်း၊ ယင်းနောက် မွန်းလွဲ ၁နာရီခွဲခန့်တွင် ဆန္ဒပြသံဃာများ လူစုကွဲသွားခဲ့ကြောင်း သိရှိရသည်။

မင်းမဲ့စရိုက်များလွှမ်းမိုးလာ

ထိုကဲ့သို့ ကားများအား မီးရို့ဖျက်ဆီးမှုကို ကြားသိ၊ တွေ့မြင်ခဲ့ရသော ပြည်သူများက ယခုကဲ့သို့ တာဝန်ရှိလုပ်ဖို့လိုများအနေဖြင့် ယမန်နေ့က ဖြစ်ပေါ်ခဲ့သော ဆန္ဒပြမှုမျိုး ထပ်မံမပေါ်ပေါက်စေရန် ဆရာတော်ကြီးများထံ အကျိုးအကြောင်း လာရောက်လျှောက်ထားခြင်းမှာ တည်ငြိမ်မှု၊ အေးချမ်းမှုပျက်ပြားခြင်း မရှိစေရန်၊ မလိုလားအပ်သော ပြဿနာများမဖြစ်ပွားစေရန် အေးချမ်းစွာ လာရောက်လျှောက်ထားခြင်း ဖြစ်၍ အမှန်စင်စစ်အားဖြင့် အေးချမ်းစွာသာ ပြန်လည်တုံ့ပြန်သင့်ကြောင်း၊ ယခုကဲ့သို့ ကားများမီးရို့ဖျက်ဆီးခြင်း အပါအဝင် အကြမ်းဖက်မှုမျိုးကို လုံးဝလုပ်ဆောင်ရန် မသင့်ကြောင်း၊ စက်သုံးဆီဈေးတက်မှုကို ခုံတုံးလုပ် အသုံးချပြီး ဆန္ဒပြမှုများဖြစ်ပွားအောင် လှုံ့ဆော်ခဲ့ကြသည့် ၈၈မျိုးဆက်ကျောင်းသားဆိုသူများနှင့် NLD ပါတီတို့က အကြမ်းမဖက် ငြိမ်းချမ်းစွာဆန္ဒပြကြခြင်းသာဖြစ်သည်ဟု ကြေညာချက်များထုတ်ပြန်၍ လည်းကောင်း၊ နှုတ်ဖြင့်လည်းကောင်း၊ ပြည်ပမီဒီယာများနှင့် ဆက်သွယ်၍လည်းကောင်း ပြောဆိုခဲ့ကြကြောင်း၊ သို့ရာတွင် ယခုအခါ အပြောနှင့်အလုပ် ညီညွတ်မှုမရှိဘဲ အကြမ်းဖက်မှုများကျူးလွန်လာသည်ကိုတွေ့ရကြောင်း၊ ဤသည်မှာ ၈၈ အရေးအခင်းကဲ့သို့ ဖြစ်ပေါ်လာအောင် ရည်ရွယ်ချက်ရှိရှိဖြင့် ပြည်သူကို လှုံ့ဆော်လှုပ်ရှားလုပ်ဆောင်လာသည့် သဘောဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် စက်သုံးဆီ ဈေးနှုန်းတက်သည်ကို လိုလားနှစ်သက်မှုမရှိ၊ ကုန်စျေးနှုန်းကျဆင်းရန် ဆန္ဒရှိသော်လည်း ယခုကဲ့သို့ အကြမ်းဖက်လုပ်ဆောင်ခြင်းမျိုးကိုမူ လုံးဝမလိုလားကြောင်း၊ ၈၈ အရေးအခင်းကဲ့သို့ ဖြစ်ပေါ်လာအောင် ဖန်တီးမှုမျိုးကို လုံးဝလက်မခံနိုင်ကြောင်း၊ ကုန်စျေးနှုန်းကျဆင်းရန် လိုလားသည်မှာမှန်သော်လည်း ယင်းကိစ္စကို ခုတုံးလုပ်အသုံးချ၍ ၈၈ အရေးအခင်းကဲ့သို့ ဆူပူအုံကြ အကြမ်းဖက် မင်းမဲ့စရိုက်များ လွှမ်းမိုးလာအောင် ဦးတည်လှုံ့ဆော်ဖန်တီးမှုမျိုးကိုမူ မိမိတို့အနေဖြင့် ကာကွယ်တားဆီးသွားကြမည်သာဖြစ်ကြောင်းဖြင့် ပြောဆိုဆွေးနွေးလျက်ရှိသည်။

ကာကွယ်တားဆီး

နိုင်ငံတော်အစိုးရအနေဖြင့်လည်း ပြည်ပရှိ ဆန့်ကျင်ဘက်အဖွဲ့များက ပြည်တွင်းရှိ ဆန့်ကျင်ဘက်အဖွဲ့များထံ ဆူပူအုံကြွမှုများဖြစ်စေရန်၊ မတည်ငြိမ်မှုများဖြစ်ပေါ်စေရန် လှုပ်ရှားလုပ်ဆောင်ရေးအတွက် နည်းမျိုးစုံဖြင့် ညွှန်ကြားပုံပို့းဆောင်ရွက်လျက်ရှိကြောင်း သတင်းများရရှိထားသည်။ ထို့အတူ ပြည်သူများအနေဖြင့်လည်း တည်ငြိမ်မှု၊ အေးချမ်းမှုပျက်ပြားစေရန်၊ မိမိတို့၏ အကျိုးစီးပွား ထိခိုက်ပျက်ပြားစေရန် လုပ်ဆောင်လာမှုများကို လက်မခံဘဲ ကာကွယ်တားဆီးသွားကြရန် လိုလားလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှတ်(၁)စက်မှုဝန်ကြီးဌာန ကွန်ပျူတာသင်တန်းပွင့်

နေပြည်တော် စက်တင်ဘာ ၆

Ministry Intranet System ကွန်ယူတာသင်တန်း အမှတ်စဉ် (၂/၂၀၀၇) သင်တန်းဖွင့်ပွဲကို ယမန်နေ့ နံနက်၆နာရီခွဲက နေပြည်တော်ရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန သင်တန်းခန်းမဆောင်၌ကျင်းပရာ အမှတ်(၁) စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်းတက်ရောက်၍ သင်တန်းဖွင့် အမှာစကား ပြောကြားသည်။ **(အောက်ပုံ)** အဆိုပါ သင်တန်းကို ရက်သတ္တပဲသုံးပတ်ကြာဖွင့်လှစ်ပို့ချသွားမည်ဖြစ်ပြီး သင်တန်းသား ၅၀ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နှစ်ဖက်သော မိဘများနှင့် ခင်ပွန်း ဦးအောင်မြတ်သိန်း တို့အား ရည်စူး၍ ရန်ကုန်တိုင်း လွှင်ဖြိုနယ် မိုးကောင်းလမ်း မြကန်သာ ဥယျာဉ် အိမ်ရာ အမှတ်၁၀/ ၁၂(ဂို) နေ ခေါတင်အေး မိသားစုက ၁၇ဖြို့ နယ် အမှတ် ၁၆ စကားဝါလမ်း မင်း ကွန်ဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် တစ်သိန်းကို ပိဋကတစ်ပုံအောင် ဆရာတော် ဘဒ္ဒန္တ အဂ္ဂသာရာ လက်ဝဲရထဲရေစက်ချ အနမောဒနာဘရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး(ဘဏ္ဍာ) ဦးသိန်းကျော်ထံ ပေးအပ်လှူဒါန်းစဉ်။ (၈-၀)

MRTV-4 ရုပ်ဖြင့်သံကြားအစီအစဉ်

၇-၉-၂၀၀၇ (သောကြာနေ့)

၆း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်	၉း၅၅	တေးဂီတအစီအစဉ်
၆း၅၅	ကိုယ်ရဲ့ကယ်တင်ရှင် တရားတော် (မေ့မှုဇာတ် ဒေါက်တာအရှင်ပညဿရ)	၁၀း၀၀	မိုးလေသခန္ဓာမှန်းချက်
၈း၀၅	တွေ့ဆုံခြင်းကဏ္ဍာ ကလောင်ရှင်များရဲ့ရည (ကြေးမောင်မောင်ညွှန့်နှင့် တွေ့ဆုံခြင်း) (ပထမပိုင်း)	၁၀း၀၅	Diploma Guide (Electronic Engineering Diploma အကြောင်း သိကောင်းစရာများ)
၈း၃၀	တေးဂီတအစီအစဉ်	၁၀း၁၅	တေးဂီတအစီအစဉ်
၈း၃၅	Myanmar Video Rhythm	၁၀း၂၀	အရိုးကျိုးဖြင်းနှင့် ကုသခြင်းအကြောင်း (အပိုင်း-၂) (ပါမောက္ခ ဒေါက်တာနေဝင်း)
၉း၀၅	မမေ့နိုင်စရာ.... ရုပ်ရှင်ရုံများအစား အစာ	၁၀း၅၀	ပြည်တွင်းသတင်းအကျဉ်း
၉း၂၀	ပြည်တွင်းသတင်းအကျဉ်း	၁၁း၀၀	Basic Computer Learning for Beginner (Vol-20) (Microsoft Powerpoint)
၉း၃၀	တေးဂီတအစီအစဉ်	၁၁း၁၅	တေးဂီတအစီအစဉ်
၉း၃၅	ယနေ့သိပ္ပံနှင့်နည်းပညာ	၁၁း၂၀	စိတ်ဝင်စားစရာ
၉း၄၅	နိုင်ငံတကာသတင်းအကျဉ်း	၁၁း၃၅	မြန်မာ့ပုလဲရတနာ (အပိုင်း-၂)
၉း၅၀	ဆေးဖက်ဝင် သြဇာပင်၏ အာဟာရတန်ဖိုးများအကြောင်း	၁၁း၄၀	နိုင်ငံတကာသတင်းအကျဉ်း
		၁၁း၄၅	ပြိုးပန်းဝေဒီ၊ မေတ္တာဝါဒီ
		၁၁း၅၅	စားချင်စဖွယ်နည်းအသွယ်သွယ် (ထိုင်းစတိုင်လ် အမဲသား အစပ်ချက်နည်း)
		၁၂း၁၅	ဂီတသံစဉ်အလှဆင် (တင်တင်မြ)
		၁၂း၃၅	Yangon Panorama (Docu Show 07)
		၁၃း၀၀	MRTV-4 အဝိတ် Logo

အထက်ပါ ခြောက်နာရီစာအစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ် နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီအချိန်ပြည် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တာနာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဝန်ကြီး ပိုလ်ချုပ်လှထွန်းအား တရုတ်ဘဏ်၏ ယူနန်ပြည်နယ်ရုံးခွဲ ဒုတိယဥက္ကဋ္ဌတွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၆

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှထွန်းအား တရုတ်ဖွံ့ဖြိုးတိုးတက်ရေးဘဏ် (CDB)၏ ယူနန်ပြည်နယ်ရုံးခွဲ ဒုတိယဥက္ကဋ္ဌဖြစ်သူ Mr. Zhong Shujun နှင့် အဖွဲ့က ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး၏ဧည့်ခန်းသို့ လာရောက်ဂါရဝပြုတွေ့ဆုံနှုတ်ဆက်သည်။ **(အပေါ်ပုံ)**

ယင်းသို့ တွေ့ဆုံရာတွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် ဝန်ကြီးနှင့်အတူ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးကြီးလှသိန်းဆွေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညွှန့်နှင့် သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များလည်း တက်ရောက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သွေးလွန်တုပ်ကွေး ကာကွယ်တားဆီးရေးပညာပေး ခြင်ထောင်စိမ်ဆေးပြားပြင့် ဆေးစိမ်သရုပ်ပြသ ပြို့တော်ဝန် ပိုလ်မှူးချုပ်အောင်သိန်းလင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၆

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့်ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့သည် ယမန်နေ့ နံနက် ၇နာရီက မရမ်းကုန်းမြို့နယ် ရုစ်မိုင်လမ်းဆုံဆနီး ပြည်လမ်းရှိ မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံးသို့ ရောက်ရှိကြပြီး ရုံးခန်းမ၌ တာဝန်ရှိသူများက မရမ်းကုန်းမြို့နယ်အတွင်း အခြေခံပညာကျောင်းများ တည်ရှိမှုနှင့် သောက်သုံးရေရရှိမှု အခြေအနေများ၊ မြို့နယ်နှင့်ရန်ကုန်တိုင်းရှိ ခရိုင်နှင့် မြို့နယ်များအလိုက် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားခဲ့မှု၊ ရောဂါကာကွယ်တားဆီးရေး လုပ်ငန်းများ ပူးပေါင်း ဆောင်ရွက်နေမှုနှင့် ရောဂါဖြစ်ပွားခြင်း ကျဆင်းမှု အခြေအနေများကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြရာ မြို့တော်ဝန်က သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်စွက်မှာကြား ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် မြို့တော်ဝန်၊ ဒုတိယမြို့တော်ဝန်တို့သည် မရမ်းကုန်းမြို့နယ် အမှတ်(၁)ရပ်ကွက်ရှိ ၇ လမ်းနှင့် ၈ လမ်းတို့၌ ပြည်သူများစုပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ပညာပေးသရုပ်ပြခြင်း၊ ခြင်ထောင်စိမ် ဆေးပြားဖြင့် ဆေးစိမ်သရုပ်ပြသခြင်းနှင့် အသိပညာပေးဟောပြောနေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးအားပေးကြပြီး ရပ်ကွက်နေပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။ **(အပေါ်ပုံ)**

တစ်ပြိုင်တည်းဖြည်လုပ်

အလားတူ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး လူထုလှုပ်ရှားမှုဖြင့် စုပေါင်းဆောင်ရွက်မှုကို မင်္ဂလာတောင်ညွန့်၊ တာမွေ၊ ပန်းဘဲတန်းနှင့် ပုဇွန်တောင်မြို့နယ်များ၌ ယမန်နေ့ နံနက်ပိုင်းက တစ်ပြိုင်တည်း ပြုလုပ်ခဲ့ကြောင်း သိရသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် မြို့တော်ဝန်နှင့် ဒုတိယမြို့တော်ဝန်တို့သည် မရမ်းကုန်းမြို့နယ် ကျိုက်ပိုင်းဘုရားလမ်းနှင့် အင်းစိန်လမ်းထောင့်ရှိ မြို့တော်ဆေးခန်းသို့ သွားရောက် ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

NLD ပါတီဝင်အဖြစ် ဆက်လက်ရပ်တည်လိုစိတ်မရှိ စစ်ကိုင်းပြို့နယ်မှ ပါတီဝင်ဒုနှစ်ဦး ခုပေါင်းနုတ်ထွက်

ရန်ကုန် စက်တင်ဘာ ၆

စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ဦးကံဦး၊ ဦးဘလိုင်၊ ဦးကောက်၊ ဒေါ်မြင့်မြင့်သိန်း၊ ဦးအောင်နိုင်သိန်း၊ ဦးရွှေသီးနှင့် ဦးမောင်အေးတို့သည် ဩဂုတ် ၂၉ရက်တွင် ၎င်းတို့ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်စာရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းအသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

စိတ်ဝင်စားမှုမရှိ

စစ်ကိုင်းမြို့နယ် ပါတီစုဒီမိုကရေစီအထွေထွေရေးကောက်ပွဲကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ပေးပို့သော နုတ်ထွက်လွှာတွင် ၎င်းတို့သည် NLD ပါတီ၏ လုပ်ရပ်များကို စိတ်ဝင်စားမှုမရှိတော့ကြောင်း၊ NLDပါတီဝင်အဖြစ် ဆက်လက် ရပ်တည်လိုစိတ်မရှိတော့သဖြင့် ၎င်းတို့သဘောဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။

(သတင်းစဉ်)

မန္တလေးမြို့ အနောက်ထီးလင်းတိုက်

မြန်မာ့မီးရထားအမှတ်(၃)တိုင်းမိသားစု ဝါဆိုသင်္ကန်းဆက်ကပ်

တိုင်းမှူးဗိုလ်ချုပ်ခင်ဇော် တက်ရောက်လှူဒါန်းကြည်ညို

ရန်ကုန် စက်တင်ဘာ ၆

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် လမ်း ၉၀၊ ၂၆လမ်းနှင့် ၂၇လမ်းကြားရှိ အနောက်ထီးလင်းတိုက်တွင် ဩဂုတ် ၂၈ ရက် နံနက် ၉ နာရီက မြန်မာ့မီးရထား အမှတ်(၃)တိုင်း မိသားစုက ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် တက်ရောက်လှူဒါန်းကြည်ညိုသည်။

ရှေးဦးစွာ အစီအစဉ်အရ တိုင်းမှူးနှင့် ဇနီးအမှူးပြုသော ဧည့်ပရိသတ်အပေါင်းတို့က နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ကြပြီး အနောက်ထီးလင်းတိုက် တိုက်အုပ်ဆရာတော် ဘဒ္ဒန္တ သီလာစာရထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော်၊သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် တိုင်းမှူးနှင့်ဇနီး အမှူးပြုသောဧည့်ပရိသတ်များက ဆရာတော်၊ သံဃာတော်များထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)**

ရေစက်သွန်းချအမျှဝေ

ဆက်လက်၍ လှူဒါန်းမှုအစုစုတို့အတွက် အနောက်ထီးလင်းတိုက် တိုက်အုပ်ဆရာတော် ဘဒ္ဒန္တသီလာစာရက သာဓုအနုမောဒနာတရားနှင့် ရေစက်ချ တရားချီးမြှင့်တော်မူပြီး တိုင်းမှူးနှင့်ဇနီး အမှူးပြုသော ဧည့်ပရိသတ်အပေါင်းတို့က ရေစက်သွန်းချ အမျှပေးဝေကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တိုင်းမှူး၊ ဇနီးနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများက ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

ယနေ့ကျင်းပပြုလုပ်သည့် မြန်မာ့မီးရထားအမှတ်(၃)တိုင်း မိသားစုက အနောက်ထီးလင်းတိုက်တွင် ဝါဆိုသီတင်းသုံးတော်မူကြသော ဆရာတော်၊ သံဃာတော် ၂၉၃ ပါးတို့အတွက် သင်္ကန်းဒွိစုံ ၁၀၅ စုံ၊ ဆွမ်းဆန် အိတ် ၉၀ နှင့် ဆီ၊ အာလူးနှင့် ကြက်သွန်အိတ်များ အပါအဝင် လှူဒါန်းမှုစုစုပေါင်းမှာ တန်ဖိုးငွေကျပ် ၄၀၅၁၄၀၀ ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တိုင်းမှူးဗိုလ်ချုပ်အောင်သန်းထွင့်နှင့် ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း နမ့်ခမ်းမြို့နယ် ရွှေလီရေအားလျှပ်စစ်စီမံကိန်းစစ်ဆေး နှစ်စဉ်ကီလိုဝပ်နာရီသန်းပေါင်း ၄၀၂၂ သန်းခန့် ထုတ်လုပ်မည်

နေပြည်တော် စက်တင်ဘာ ၆

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက ရှမ်းပြည်နယ် (မြောက်ပိုင်း) အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွင့်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အထွေထွေ အတွင်းရေးမှူး အမှတ်(၁) လျှပ်စစ် စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီး ဇော်မင်းတို့သည် ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့ရှိ ရွှေလီရတနာရိပ်သာ၌ စက်တင်ဘာ ၁ ရက် ညနေပိုင်းက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း မူဆယ်ခရိုင်နှင့် မူဆယ်မြို့နယ်တို့မှ ခရိုင်နှင့်မြို့နယ် အလုပ်အမှုဆောင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများအားတွေ့ဆုံ၍ ပြည်သူ့အကျိုးပြု လုပ်ငန်းများတွင် ပြည်သူလူထုနှင့် ပူးပေါင်း၍ တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ရေးစသည်တို့ကို အကျယ်တဝင့် ဆွေးနွေးမှာကြားကြသည်။

တွေ့ဆုံ

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် စက်တင်ဘာ ၂ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများ လိုက်ပါ၍ ရှမ်းပြည်နယ် (မြောက်ပိုင်း)နမ့်ခမ်းမြို့နယ်အတွင်း ရွှေလီမြစ်ပေါ်တွင် ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေး ဦးစီးဌာန အမှတ် (၂) တည်ဆောက်ရေးမှ တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသည့် ရွှေလီရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိကြရာ စီမံကိန်းမှ တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ YUPD ကုမ္ပဏီမှ President, Mr. Huang Guangming နှင့် တာဝန်ရှိသူများ YMEC ကုမ္ပဏီမှ မစ္စတာဖုန်ကီးနှင့် တာဝန်ရှိသူများအား တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

ယင်းသို့တွေ့ဆုံရာတွင် တိုင်းမှူးနှင့် ဝန်ကြီးတို့အား စီမံကိန်းလက်ထောက်ညွှန်ကြားရေးမှူး ဦးနေလင်းက စီမံကိန်းအကြိုတည်ဆောက်မှုလုပ်ငန်း ဆောင်ရွက် ပြီးစီးမှုအခြေအနေ၊ အဓိက တည်ဆောက်မှု လုပ်ငန်းများဆောင်ရွက်နေမှု၊ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်း အစီအစဉ်တို့ကို ရှင်းလင်းတင်ပြပြီး YUPD ကုမ္ပဏီမှ President Mr. Huang Guangmingက စီမံကိန်း လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ ဆက်လက် ရှင်းလင်းတင်ပြရာ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေး ဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးအောင်ကိုးရွှေက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဂုဏ်ပြုလက်ဆောင်

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက စီမံကိန်းတွင် ပူးပေါင်းပါဝင်ဆောင်ရွက်နေသောနိုင်ငံခြားသားပညာရှင်များကိုယ်စား YUPD ကုမ္ပဏီမှ President Mr. Huang Guangming နှင့် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွင့်က စီမံကိန်းတွင် တာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းများကိုယ်စား လက်ထောက်ညွှန်ကြားရေးမှူး ဦးနေလင်း တို့အား ဂုဏ်ပြုလက်ဆောင် သစ်သီးခြင်းများ ပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့သည် ရှင်းလင်းဆောင်ရှေ့ရှိ ရှုရပ်မှ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ကွန်ကရစ်ရေထိန်းတမံ ဆောင်ရွက်ပြီးစီးမှုနှင့်ဆောင်ရွက်ဆဲ တမံပေါ်မှ ရေများဖြတ်ကျော် စီးဆင်းနေသည့် အခြေအနေများကို သွားရောက် ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့သည် ချဉ်းကပ် ဥမင်လိုဏ် အမှတ်(၁)မှ မော်တော်ယာဉ်များဖြင့် ဥမင်လိုဏ် တစ်လျှောက် ဝင်ရောက်စစ်ဆေးသည်။

ဆောင်ရွက်

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့သည်ရေလှောင်ထိန်းဆည်တည်ဆောက်မှုလုပ်ငန်း၊ ဓာတ်အားပေးစက်ရုံ တည်ဆောက်ရန် ကွန်ကရစ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ သံထည်ပစ္စည်းများ တပ်ဆင်ပြီးစီးမှုနှင့်ဆက်လက်ဆောင်ရွက်နေသည့် လုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆွေးနွေးမှာကြား

တိုင်းမှူးနှင့် ဝန်ကြီးတို့သည် စီမံကိန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ၌ တာဝန်ရှိသူ များအား စီမံကိန်းကို သတ်မှတ်ကာလထက်စော၍ ပြီးစီးအောင် ကြိုးပမ်းတည်ဆောက်ရေး၊ စီမံကိန်းတွင် ပူးပေါင်းဆောင်ရွက်နေသော နိုင်ငံခြားသား ပညာရှင်များနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရေး၊ သဘာဝဘေးအန္တရာယ်နှင့် ရေကြီးရေလျှံခြင်းဖြစ်ပေါ်ပါက ကာကွယ်နိုင်ရေးအတွက် စီမံချက်များအတိုင်း သတိဝီရိယဖြင့်စောင့်ကြပ်ကြည့်ရှုရေး၊ ပွင့်လင်းရာသီ ရောက်ရှိပါက လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် တစ်ပြိုင်နက်လုပ်ကိုင် ဆောင်ရွက်နိုင်ရန်အတွက် ကြိုတင်ပြင်ဆင်ထားရှိရေး၊ စံချိန်စံညွှန်း ပြည့်မီရေး၊ အရည်အသွေး ကြပ်မတ် စစ်ဆေးရေး၊ လုပ်ငန်းများကို အပိုင်းလိုက် တာဝန်ခွဲဝေလုပ်ကိုင်ရေး၊ လုပ် ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို ဆွေးနွေးမှာကြားခဲ့သည်။

ပြီးစီးနေ

ရွှေလီရေအားလျှပ်စစ် စီမံကိန်း ပြီးစီးပါက စုစုပေါင်း စက်တပ်ဆင်အင်အား ၆၀၀ မဂ္ဂါဝပ်မှ နှစ်စဉ်လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ သန်းပေါင်း ၄၀၂၂ သန်းခန့်ထုတ်လုပ် ဖြန့်ဖြူးပေးသွားမည်ဖြစ်သည်။ ယခုအခါ ရွှေလီရေအား လျှပ်စစ် စီမံကိန်းသည် စီမံကိန်းလုပ်ငန်းတစ်ခုလုံး၏ ၆၅ ဒသမ ၇၅ ရာခိုင်နှုန်းပြီးစီးနေပြီ ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မဟာဓာတ်အားလိုင်းများ ကွန်ရက်သဖွယ်ချိတ်ဆက်ပြီး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေး မြေပြုပြင်ခြင်းနှင့် ရေစီးကြောင်း ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများ အချိန်မီပြီးစီးရေး တက်ညီလက်ညီ လုပ်ကိုင်ဆောင်ရွက်သွား

ရန်ကုန် စက်တင်ဘာ ၆

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ် ခင်မောင်မြင့်သည် စက်တင်ဘာ ၃ ရက် နံနက်ပိုင်းက ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဧရာဝတီတိုင်းပန်းတနော်မြို့နယ် ကဇင်းတော ကျေးရွာအနီးရှိ ဧရာဝတီမြစ်ကျော် KV 230 (လိုင်သာယာ အသုတ်) မဟာဓာတ်အားလိုင်း တာဝါတိုင် အမှတ် (၁၄၉)သို့ရောက်ရှိရာ ရှင်းလင်းခန်းမ၌ ဓာတ်အားပို့လွှတ်ရေးစီမံကိန်း (တောင်ပိုင်း) စီမံကိန်းညွှန်ကြားရေးမှူး ဦးသိန်းလှိုင်နှင့်စီမံကိန်းမန်နေဂျာဦးစောဝင်းမောင်တို့က မိုးရာသီမြစ်ရေ မြင့်တက်မှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ဧရာဝတီမြစ်ကျော် KV 230 မဟာဓာတ်အားလိုင်းတာဝါတိုင် အမှတ် (၁၄၉) ဝန်းကျင် မြစ်ကမ်းပါးကို မြစ်ရေ တိုက်စားမှုအခြေအနေများ၊ မြစ်ကမ်းပါး မြေထိန်းသိမ်းပြုပြင်မှု လုပ်ငန်းများကို လူအင်အား၊ ပစ္စည်းအင်အား၊ စက်ယန္တရားများဖြင့် စနစ်တကျလုပ်ဆောင်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်စေရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစောအောင်လွင်၊ ဧရာဝတီမြစ်ကျော်တာဝါတိုင်တည်ဆောက်ရေးကုမ္ပဏီ(CCPG) မှ တာဝါတိုင် ဒီဇိုင်းပညာရှင် Chief Design Engineer, Ms. Zhang Zhao Yu နှင့် Electric Power Engineer, Mr. Lin Gao Feng တို့က မြစ်ကမ်းတာဝါတိုင်ကြီးများအား စနစ်တကျတွက်ချက် တိုင်းတာတည်ဆောက်ထားရှိမှု အခြေအနေများ၊ မြစ်ကမ်း တာဝါတိုင်ကြီးများကို မြေအဝင် ၁၁၇ မီတာဖြင့် အောက်ခြေဘိုးပိုင်ရိုက်သွင်းထားရှိမှု အခြေအနေများ၊ တာဝါတိုင်ခိုင်မြဲစေရန် ကာကွယ်ထိန်းသိမ်း ဆောင်ရွက်ရ မည့်နည်းလမ်း အဆင့်ဆင့်တို့ကို ရှင်းလင်းတင်ပြကြသည်။

မှာကြား

ရှင်းလင်း တင်ပြမှုများအပေါ် ဝန်ကြီးက နိုင်ငံတော်အတွင်း လျှပ်စစ်ဓာတ်အား ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မဟာဓာတ်အားလိုင်း(National Grid) များ ကွန်ရက်သဖွယ် ဖြန့်ကြက်ချိတ်ဆက်ပြီး လျှပ်စစ်ဓာတ်အားများ ကျယ်ပြန့်စွာ ပို့လွှတ်ဖြန့်ဖြူးပေးလျက်ရှိကြောင်း၊ မဟာ ဓာတ်အားလိုင်းနှင့် တာဝါတိုင်များ ရေရှည်တည်တံ့ခိုင်မြဲရေးသည် အရေးကြီးသောလုပ်ငန်းများဖြစ်ကြောင်း၊ မြေပြုပြင်ထိန်းသိမ်းခြင်းနှင့်ရေစီးကြောင်း ထိန်းသိမ်းကာကွယ်ရေး လုပ်ငန်းများ အချိန်မီပြီးစီးရေးအတွက် တက်ညီလက်ညီဖြင့် လုပ်ကိုင် ဆောင်ရွက်သွားစေလိုကြောင်း၊ မြစ်ကမ်းပါးနှင့် တာဝါတိုင်များ ရေရှည်ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများကို လုပ်ငန်းစီမံချက်ပါ အတိုင်းဆောင်ရွက်သွားကြရန်လိုကြောင်း မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် မြစ်ကမ်းပါးမြေနှင့် တာဝါတိုင်အခြေအနေများ၊ မြစ်ရေစီးကြောင်းနှင့် ရေစီးနှုန်းအခြေအနေများ၊ မြစ်ကမ်းပါး ရေတိုက်စားမှုကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး**(အပေါ်ဝဲပုံ)** လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သာယာဝတီမြို့နယ်နေ လူအများစုသည် လယ်ယာလုပ်ငန်းဖြင့် အသက်မွေးမိုးစပါးတစ်ကေ ဂျတင်းနှင့် နွေစပါးတစ်ကေ ဂျတင်းနှန်းထွက်ရှိ

စပါးစိုက်ပျိုးမှုအဆင့်ဆင့်ကို ကိုယ်တိုင်တွေ့မြင်ခဲ့ရ၍ ဗဟုသုတရ

ချောင်းသုံးခွ ကျေးရွာတောင်သူ ဦးလှစိုးက နွေစပါးနှင့်ပတ်သက်၍ ရှင်းပြနေစဉ်။

ရန်ကုန် စက်တင်ဘာ ၆

နေပူသေးသည်၊ မိုးရွာနေသည်ဟူ၍ အကြောင်းပြချက်မျိုးစုံဖြင့် ဆင်ခြေဖေး၍ မရသည့်သူများတွင် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နေရသော သတင်းသမားများ ပါဝင်သည်။

ငါးရပ် ချမှတ်ပေးထားသည်။ ၎င်းတို့မှာ-

- **ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှု ချောမွေ့ကောင်းမွန်ရေး၊**
- **သန့်ရှင်းသော သောက်သုံးရေနှင့် စိုက်ပျိုးရေးရရှိရေး၊**

ကျေးရွာတစ်ရွာ ကုန်ထုတ်လုပ်ငန်းတစ်ခု နိုင်ငံအကျိုးပြု

ကျေးရွာတစ်ရွာ ကုန်ထုတ် လုပ်ငန်းတစ်ခု နိုင်ငံအကျိုးပြု လုပ်ငန်းစိမ်ချက်ဖြင့် မြန်မာပြည်တစ်နံတစ်လျား အနှံ့အပြား သွားနေရသော မြန်မာ့အလင်းသတင်းအဖွဲ့၏ ယခုတစ်ဖန် သွားရောက်ရမည့် နေရာမှာ ပဲခူးတိုင်း (အနောက်ပိုင်း)ဖြစ်သည်။

- **ကျေးလက်နေ ပြည်သူများ၏ ပညာရေးအဆင့် မြှင့်တင်ရေး၊**
- **ကျန်းမာရေး စောင့်ရှောက်မှု မြှင့်တင်ပေးရေး၊**
- **စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးတို့ ဖြစ်သည်။**

ချမှတ်ပေးထား

မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အခြေခံသော နိုင်ငံဖြစ်သည်။ နိုင်ငံလူဦးရေ၏ ၇၀ရာခိုင်နှုန်းကျော်သည် ကျေးလက်နေပြည်သူများဖြစ်၏။ ကျေးလက်နေပြည်သူများ၏ လူနေမှုအဆင့်အတန်းမြင့်မားစေရန်အတွက် နိုင်ငံတော်က ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်

ဆက်စပ်လျက်ရှိ

ရှေဦးစွာ မြန်မာ့အလင်းသတင်းအဖွဲ့သည် ပဲခူးတိုင်း(အနောက်ပိုင်း)ရှိ သာယာဝတီမြို့နယ်သို့ ခြေချမိခဲ့ကြသည်။ သာယာဝတီမြို့နယ်သည် ရန်ကုန်မြို့မှ မြောက်ဘက်ကားလမ်း ၇၈မိုင်၊ မီးရထားလမ်း ၆၈မိုင်တွင် တည်ရှိသည်။ သာယာဝတီမြို့နယ်သည် အရှေ့ဘက်တွင် ပဲခူးမြို့နယ်၊ အနောက်ဘက်တွင် ဇလွန်မြို့နယ်၊ လယ်ဝ၇ကေပိုင်ဆိုင်သော ဦးလှစိုး၏ လယ်ကွင်းသို့အရောက်သွားပြီး စပါးစိုက်ပျိုးပုံများကို ယခုကဲ့သို့ မေးမြန်းခဲ့ပါသည်။

စပါးများကို စက်ကိရိယာဖြင့် နယ်နေသည်ကို တွေ့ရစဉ်။

ဦးလှစိုး၏လယ်တွင် မိုးစပါးနှင့် နွေစပါးနှစ်မျိုးစိုက်ပျိုးကြောင်း၊ မိုးစပါးတောင်ဘက်တွင် တိုက်ကြီးမြို့နယ်၊ မြောက်ဘက်တွင် လက်ပံတန်းမြို့နယ်များနှင့် ဆက်စပ်လျက်ရှိသည်။

သာယာဝတီမြို့နယ်ဟူ၍ ခေါ်တွင်ရသည့် သမိုင်းကြောင်းမှာ ဤသို့ဖြစ်သည်။

သာယာ = သာယာစိုပြည်သော
ဝ = ဝပြော်သာယာသော
တီ = မြို့တံခါး၊ တိုင်ပေါ်သို့ ကျီးတစ်ကောင်သည် တီကောင်တစ်ကောင်ချီလာ၍ သာယာစွာ အော်မြည်သည်ကို (နိမိတ်ကောင်းယူ၍)
သာယာဝတီ = သာယာပြော်စွာ တည်ရှိသောမြို့ဟူ၍ ယနေ့တိုင်လူသိများခဲ့လေသည်။

ပဲခူးတိုင်း(အနောက်ပိုင်း)တွင် ပါဝင်သည့်သာယာဝတီမြို့နယ်နေ လူအများစုသည် လယ်လုပ်ငန်းဖြင့် အဓိကအသက်မွေးဝမ်းကျောင်း ပြုကြရသည်။

ထို့ကြောင့် ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီမြို့နယ် ချောင်းသုံးခွ ကျေးရွာအုပ်စု လိပ်ဥကုန်းကျေးရွာရှိ မှာ တစ်ဧကလျှင် ၇၅တင်း၊ နွေစပါးမှာ တစ်ဧကလျှင် ၈၅တင်း ထွက်ရှိကြောင်း၊ နွေစပါးပို၍ထွက်ခြင်းမှာ အဖျင်းအမှော် အပျက်အစီးမရှိသောကြောင့် ဖြစ်ကြောင်း ပြောကြားသည်။

စိုက်ပျိုး

စပါးစတင်စိုက်ပျိုးချိန်မှာ မိုးစပါးကို ဇွန်လမှ စက်တင်ဘာလအတွင်း လေးလသက်တမ်းရှိသည့် စပါးကို သက်နစပါးဟုခေါ်ပြီး ဇွန်လမှ နိုဝင်ဘာလအတွင်း ခြောက်လ သက်တမ်းရှိသည့် စပါးကို သက်ကြီးစပါးဟု ခေါ်ကြောင်း ရှင်းပြပါသည်။ နွေစပါးကို ဇန်နဝါရီလမှ ဧပြီလအတွင်း စိုက်ပျိုးကြောင်း ပြောကြားသည်။

စပါးစိုက်ခင်း

စပါးစိုက်ခင်းကို ဤသို့ တွေ့ရသည်။

ဆန်ချောများထွက်ရှိ

တစ်ဧက နှစ်တင်းနှုန်း ပျိုးကြပြီး ပါက ပျိုးထောင်ရကြောင်း၊ ပျိုးထောင်ပြီးပါက ထွန်ယက်၍ လေးလကြာ စိုက်ပျိုးရကြောင်း၊ စိုက်ပျိုးပြီးပါက ရေလောင်တမဲမှရရှိကြောင်း ပြောကြားပါသည်။

စပါးစိုက်ပျိုးရန်အတွက် အသုံးပြုသော မြေဩဇာများမှာ ယူရီးယား၊ မီးစုန်း၊ လေချေး၊ နွားချေး၊ ပုလဲ၊ မတ်ပဲအမှုန့်တို့ကို လယ်မြေအနေအထားပေါ်မူတည်၍ ကျွေးရကြောင်း ပြောကြားပါသည်။

သတင်းမြင်ကွင်း – နုနုရီနှင့် တင်တင်ဝင်း
ဓာတ်ပုံမှတ်တမ်း – တင်မိုး(မြန်မာ့အလင်း)



နယ်ပြီး စပါးများကို ဤသို့ လှေ့ကြရသည်။

ဘဲများမွေးမြူ

စပါးစိုက်ပျိုးရေးနှင့်အတူ ဘဲများကို မွေးမြူထားကြောင်း တွေ့ရသဖြင့် ဆေးကြည့်ရာ ဘဲမှစွန့်ပစ်သည့် (စစင်) ဘဲချေးမှ ဓာတ်မြေဩဇာရရှိသဖြင့် မွေးမြူထားကြောင်း၊ ဘဲကောင်ရေ တစ်ထောင်ခန့်ရှိပြီး နေ့စဉ်တစ်နေ့ဥနှုန်း ၅၀ဝကျော်ရှိကြောင်း ရှင်းပြပါသည်။

မြေဆော်မြှောက်သလိုဖြစ်သွား

စပါးစိုက်ပျိုးပြီး အပင်များထူထူထောင်ထောင် ဖြစ်လာချိန်တွင် ဘဲအုပ်များကို လွှတ်ချပေးခြင်းအားဖြင့် စပါးပင်ရိုးပြွန်များကို ဘဲများက စားလိုက်၍ အပင်ကို မြေဆော်မြှောက်သလို ဖြစ်သွားကြောင်း ပြောကြားသည်။

ဗဟုသုတများစွာရ

မည်သို့ပင်ဖြစ်စေ၊ မြန်မာတို့၏ အဓိက စားသုံးသီးနှံ ဖြစ်သော စပါး စတင် စိုက်ပျိုးချိန်မှ ဆန်ချော ဖြစ်

စပါးများကို မြေလှေ့စက် ဖြင့် လုပ်ကိုင်နေကြသည်။

သက်နစပါးဟုခေါ်ပြီး ဇွန်လမှ နိုဝင်ဘာလအတွင်း ခြောက်လ သက်တမ်းရှိသည့် စပါးကို သက်ကြီးစပါးဟု ခေါ်ကြောင်း ရှင်းပြပါသည်။ နွေစပါးကို ဧနဝါရီလမှ ဧပြီလအတွင်း စိုက်ပျိုးကြောင်း ပြောကြားသည်။

သည်အထိလုပ်ဆောင်ခဲ့ရသည့်လုပ်ငန်းအဆင့်ဆင့်ကို ကိုယ်တိုင်တွေ့မြင်ခဲ့ရသဖြင့် ဗဟုသုတများစွာ ရရှိခဲ့သော ခရီးစဉ်ဟု ဆိုပါရစေ... ။

မြန်မာတို့၏ အဓိက စားသုံးသီးနှံ ဖြစ်သော စပါး စတင် စိုက်ပျိုးချိန်မှ ဆန်ချော ဖြစ်သည် အထိ လုပ်ဆောင်ခဲ့ရသည့် လုပ်ငန်းအဆင့်ဆင့်ကို ကိုယ်တိုင် တွေ့မြင်ခဲ့ရသဖြင့် ဗဟုသုတများစွာ ရရှိခဲ့။

မြန်မာနိုင်ငံသို့ပေးအပ်နေသော မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးဆိုင်ရာ အကူအညီများအပါအဝင် ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို အမေရိကန်တို့ဘက်မှ ရပ်ဆိုင်းပစ်ခဲ့သည့်အပြင် နိုင်ငံတကာငွေကြေးအပွဲအစည်းများက မြန်မာနိုင်ငံသို့ ချေးငွေများထုတ်ပေးမှုကိုလည်း ပိတ်ဆို့ဟန့်တားခဲ့။

အမေရိကန်၊ ဗြိတိန်တို့၏ မြန်မာ့နိုင်ငံရေး၌ ဝင်ရောက်

သောင်းကျန်းသူမျိုးစုတို့ကို ငွေကြေးကူညီထောက်ပံ့

အမေရိကန်တို့သည် နယ်စပ်ရောက် ကျောင်းသားအမည်ခံ ABSDF အဖွဲ့အပါအဝင် သောင်းကျန်းသူမျိုးစုတို့ကို ငွေကြေးကူညီထောက်ပံ့မှုများပေးခြင်း၊ စီအိုင်အေကို အသုံးပြု၍ စစ်သင်တန်းပေးခြင်း၊ ဖောက်ခွဲဖျက်ဆီးရေးသင်တန်းများပေးခြင်း၊ လက်နက်ခဲယမ်းများ ထောက်ပံ့ခြင်း၊ သံရုံးအရိုးအဝါသုံး၍ ဆက်သွယ်ပေးခြင်းများကို အစဉ်တစိုက် ကြိမ်ဖန်များစွာ ပြုလုပ်ခဲ့ပါသည်။ အဆုံးစွန်ပြောရလျှင် မသက်ဆိုင်သူများ သုံးစွဲခွင့်မရှိသည့် Diplomatic Pouch ကိုပင် အမေရိကန်သံရုံးမှ သံမှူးတစ်ဦးက သုံးစွဲခွင့်ပေးပြီး အဆက်အသွယ်ပြုလုပ်ပေးခဲ့ကြောင်း ကြားသိခဲ့ရဖူးပါသည်။

၁၉၉၀ ပြည့်နှစ်အတွင်းက အမေရိကန်တို့သည် မစ္စတာ ဖရက်ဒရစ်ဂမ်ရီးလင်းအား မြန်မာနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော အမေရိကန်သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် အဆိုပြုခဲ့ရာ မြန်မာဘက်မှ သွေးရိုးသားရိုးအမှတ်ဖြင့် လက်ခံရန် သဘောတူခဲ့ပါသည်။ သို့သော် ၎င်းမှာ စီအိုင်အေအရာရှိအဖြစ် ၃၃နှစ်ကြာ အမှုထမ်းဆောင်ခဲ့သည်ကို ဖုံးကွယ်၍ ၎င်း၏ ကိုယ်ရေးရာဇဝင်၌ နိုင်ငံခြားရေးဌာန အမှုထမ်းအဖြစ်သာ ဖော်ပြစာရင်းသွင်းထားကြောင်း၊ ဖော်ထုတ်သိရှိရသဖြင့် လက်ခံရန် သဘောတူထားခြင်းကို ပြန်လည်ရုပ်သိမ်းခဲ့ရဖူးပါသည်။ နိုင်ငံကြီးသား လွန်စွာပီသပြီး သံကောင်းတမန်ကောင်းတို့၏ ကျင့်ဝတ်နှင့် အတော်ပင် ပြည့်စုံလှသည့် သည်လိုလုပ်ရပ်မျိုးကို နိုင်ငံငယ်ပေါင်းမည်မျှအပေါ်၌ အနိုင်ကျင့် ပြုမူဆက်ဆံထားပြီးဖြစ်သည်ကို ကျွန်တော်တို့မသိနိုင်ပါ။

ငြောင်ငြောင်တင်းတင်း စွက်ဖက်ခြေရှုပ်

မြန်မာ့အရေးကို အမေရိကန်က ငြောင်ငြောင်တင်းတင်း စွက်ဖက်ခြေရှုပ်မှုများ၌ မြန်မာနိုင်ငံရှိ အမေရိကန်သံရုံး၏ အခန်းကဏ္ဍသည်လည်း အထူးပင် အရေးပါခဲ့ပါသည်။ အရေးအခင်းကာလက အမေရိကန်သံအရာရှိများသည် ရန်ကုန်ဆေးရုံကြီး ဝင်းအတွင်းရှိ ဆန္ဒပြသူများနှင့် မရရအောင် အဆက်အသွယ်ပြုရာမှ ဒေါက်တာတင်မျိုးဝင်းနှင့် ချိတ်ဆက်မိခဲ့ပြီး ကျောင်းသားလှုပ်ရှားမှု ကြီးကြပ်ရေးကော်မတီကို ဖွဲ့စည်းပေးခဲ့ကာ နည်းမျိုးစုံနှင့် ခလောက်ဆန့်လှုပ်ရှားစေခဲ့ပါသည်။ သံရုံးအတိုင်ပင်ခံအရာရှိနှင့် ပထမအတွင်းဝန်တို့သည် ကျောင်းသားများ၊ ပါတီများ၊ ယူဂျိုလူငယ်များကို သံရုံးတွင်လည်းကောင်း၊ နေအိမ်တွင်လည်းကောင်း၊ ပြင်ပတွင်လည်းကောင်း၊ နိုင်ငံရေးပါတီရုံးများအထိလည်းကောင်း ခေါ်ယူလိုက်လဲ တွေ့ဆုံမေးမြန်းပြီး မြှောက်ပင့်မှု၊ သွေးထိုးမှုများ၊ ထပ်မံဆုပူရန် လှုံ့ဆော်မှုများ၊ အကြံပေးမှုများ အထောမသတ်နိုင်အောင် ပြုလုပ်ကာ သံတမန်ကျင့်ဝတ်တို့ကို အကြိမ်ကြိမ် ဖောက်ဖျက်ခဲ့ကြပါသည်။ ထိုစဉ်က သံအမတ်ကြီးဖြစ်သူ ဗာတွန်လီဗင်ကိုယ်တိုင်ကလည်း အထက်ပါ သံတမန်ကျင့်ဝတ်ချိုးဖောက်မှုများ အကြိမ်ကြိမ် ကျူးလွန်ခဲ့သည်သာမက မိမိဝန်းကျင်မှ နိုင်ငံရေး အရောင်သမားပုဆိန်ရိုးအုပ်စု ကွက်ကွက်ကလေးကိုကြည့်ကာ နိုင်ငံရေးပုရောဟိတ်ကြီးတစ်ဆူပမာ မြန်မာနိုင်ငံ၌ ၎င်းတို့ ကြိုးဆွဲရာကမည့် အစိုးရတက်လာလိမ့်မည်ဖြစ်ပြီး နောက်အစိုးရတက်လာလျှင် တပ်မတော်တွင် ခေါင်းဆောင်ပိုင်းများအဖြစ် ဘယ်သူတွေ ဖြစ်ရမည်၊ တိုင်းမှူး၊ တပ်မမှူး ဘယ်သူတွေဖြစ်ရမည်ဆိုသည်မျိုးအထိ ဟောကိန်းထုတ် အာရောင်ခဲ့ခဲ့သူ ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် လွတ်လပ်ရေးရပြီးချိန်မှစ၍ နိုင်ငံခြားရေးဝါဒကို ကြားနေရေး၊ ဘက်မလိုက်ရေးနှင့် လွတ်လပ်၍ တက်ကြွသော မူဝါဒများချမှတ်ကာ တစိုက်မတ်မတ် ကျင့်သုံးခဲ့ပါသည်။ အမေရိကန်အစိုးရအဆက်ဆက်ကမူ ကြားနေရေး၊ ဘက်မလိုက်ရေးမူဝါဒကို မနှစ်မြို့နိုင်ဘဲ လွတ်လပ်ပြီးစ ဖွံ့ဖြိုးအောင်အားထုတ်နေရသော နိုင်ငံငယ်များကို ၎င်းတို့ ထားရာနေ၊ စေရာသွား ဩဇာခံ အခြွေအရံ နိုင်ငံများအဖြစ်သာ ရှုမြင်လိုကြသည့် သဘောထားရှိသည်။ တည်ဆဲအစိုးရ၏ နိုင်ငံခြားရေးမူဝါဒကို သဘောမကျခဲ့သည့် အမေရိကန်သည် ၎င်းတို့ကြိုက်သလို ကြိုးကိုင်ခြယ်လှယ်စေစားနိုင်စွမ်းရှိသည့် NLD ကို အတိုက်အခံပါတီအဖြစ်တွန်းပို့၍ ထိပ်တိုက်ရင်ဆိုင်စေခဲ့ပြီး နောက်ကွယ်မှ နည်းလမ်းမျိုးစုံဖြင့် အကူအညီများပေးခဲ့ပါသည်။ ၎င်းတို့၏ အမျိုးသားလုံးဖြိုးရေးမဟာဗျူဟာအရ မြန်မာနိုင်ငံတွင် ရပ်သေးအစိုးရတစ်ရပ် ပေါ်ပေါက်လာရေးအတွက် ကြိုးပမ်းမှုတစ်ရပ်သာဖြစ်သည်။

၂၁ ရာစုတွင် အမေရိကန်နိုင်ငံ၏ အမျိုးသားလုံးဖြိုးရေးမဟာဗျူဟာတွင် ရှေ့တန်းသို့ရောက်လာသောဒေသမှာ အရှေ့တောင်အာရှဒေသဖြစ်သည်။ ထို့ကြောင့် အမေရိကန်ကာကွယ်ရေးဌာနက အရှေ့အာရှဒေသတွင် အမေရိကန်တို့၏ စစ်အင်အားကို လျော့ချခြင်းမပြုရန်၊ ဂျပန်နိုင်ငံနှင့် စစ်ရေးအရ ပိုမိုပူးပေါင်းဆောင်ရွက်ရန်တို့ကိုတွန်းခဲ့သည်။ အာရှဒေသနိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှုနှင့် ဤဒေသတွင် မဟာဗျူဟာအရအရေးကြီးသော ရေကြောင်းဆက်သွယ်ရေးလမ်းများရှိနေခြင်းက အမေရိကန်အနေဖြင့် အာရှဒေသတွင် ပိုမိုအာရုံစူးစိုက်ရန်လိုအပ်သည်ကိုဖော်ပြနေသည်ဟု သုံးသပ်ပြခဲ့ပြီး အရှေ့အာရှဒေသတွင် အမေရိကန်ပုံစံ ဒီမိုကရေစီများထွန်းကားဆောင် ဆောင်ရွက်ခြင်းဖြင့် အမေရိကန်ကို စိန်ခေါ်နိုင်သည့် ဒေသတွင်း အင်အားကြီးနိုင်ငံတစ်ခု ပေါ်ပေါက်မလာအောင် တားဆီးနိုင်မည်ဟု ဖော်ထုတ်သုံးသပ်ခဲ့သည်ကို တွေ့ရသည်။

အမေရိကန်တို့အလိုက္ခ အစိုးရပေါ်ပေါက်လာစေရန်

ထို့ကြောင့် အမေရိကန်တို့သည် အာရှနိုင်ငံအတော်များများနှင့် စစ်ရေး၊ စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ခြင်းဖြင့် အနာဂတ်တွင် ပေါ်ပေါက်လာနိုင်သည့် ဒေသတွင်း အင်အားကြီးနိုင်ငံကို ထိန်းချုပ်ထားနိုင်ရန်အတွက်

ပြင်ဆင်လျက်ရှိပေသည်။ အ
အလိုက္ခ ပူးပေါင်းဆောင်
အမေရိကန်စစ်အခြေစိုက်စ
ထိန်းချုပ်ရေးမူဝါဒကို အ
အခင်းအကျင်း ပြည်စုံသွ
အစိုးရတစ်ခု ပေါ်ပေါက်ရ

**ယနေ့အောင်ခြေပြီး
ပါဝင်ရမည့် အခြေခံမူများ
နိုင်ငံခြားရေးနှင့်စပ်လျဉ်းသ
တပ်စခန်းချထားလိုသော အ
လက်ံမည့် အစိုးရတစ်ရ
အမေရိကန်တို့၏ ပစ်မှတ်**

သို့သော် ဒေါ်စုကြည်
ညီလာခံက ချမှတ်ခဲ့သည့် ပြ
မူ(၁)ချက်နှင့် အတိအလ
ရေးဆွဲချမှတ်ပြဋ္ဌာန်းခဲ့သည့
သူတို့အဖို့ ထွေးရာအခက်၊ ဆ
နှင့် NLD တို့သည် နိုင်
ပျက်ပြားသွားစေရန်နှင့် တ
ခြင်းပင် ဖြစ်ပါသည်။

၁၉၉၅ခုနှစ် စက်တ
နိုင်ငံခြားရေးဝန်ကြီး) မစ္စ
နှစ်ကိုယ်ချင်းတွေ့ဆုံခဲ့ပါသ
တင်းမာသည့်သဘောထား
အမေရိကန်နှင့် အနောက်အ
အထင်အရှားပင်ဖြစ်ပါသည်

**အမေရိကန်တို့သည်
ပူးပေါင်းရန်အသင့်ရှိသည့်
ဖက်ဒရယ်မူးယစ်ဆေးဝါးဆ
ပေးမည်ဟုပင် ဖမ်းမိန့်ထု
အချိုသတ်သိမ်းသွင်းပြီး
အင်အားစုခေါင်းဆောင်အ**

လွတ်လပ်သော ရှမ်းနိုင်ငံအ
သို့သော် ဤထောက်ပံ့ကူညီ
အချိန်တွင်မူ ဦးခွန်ဆာသ
သည့် နယ်ချဲ့လက်သစ်အ
၅-၁၀-၁၉၉၆ရက်နေ့တွင်
ပြည်တွင်းရေးကို လက်ကူ
ခဲ့ရခြင်းသည် တပ်မတော်
သဘောထားရပ်တည်ချက်

တပ်မတော်က အမျိုးသားရေးတာဝန်အဖြစ် နိုင်ငံတော်ကို မလွဲမရှောင်သာ တာဝန်ယူထိန်းသိမ်းလိုက်ပြီးနောက်တွင် အမေရိကန်နိုင်ငံသည် ပြည်တွင်းတွင် ဖွဲ့စည်းခွင့်ရရှိထားသော နိုင်ငံရေးပါတီများ၏ လှုပ်ရှားမှုကို နောက်ကွယ်က အားပေးသကဲ့သို့ နယ်စပ်ဒေသတွင် ရောက်ရှိနေသော ABSDF အပါအဝင် အခြားသောင်းကျန်းသူအဖွဲ့အစည်းအမျိုးမျိုးကိုလည်း ဒီမိုကရေစီရေးကို အကြောင်းပြပြီး ထောက်ပံ့ကူညီမှုများ ပြုလုပ်ခဲ့။

မြန်မာနိုင်ငံသည် လွတ်လပ်ရေးရပြီးချိန်မှစ၍ နိုင်ငံခြားရေးဝါဒကို ကြ
တက်ကြွသော မူဝါဒများချမှတ်ကာ တစိုက်မတ်မတ် ကျင့်သုံးခဲ့။ အမေ
ဘက်မလိုက်ရေးမူဝါဒကို မနှစ်မြို့နိုင်ဘဲ လွတ်လပ်ပြီးစ ဖွံ့ဖြိုးအောင်အ
ထားရာနေ၊ စေရာသွား ဩဇာခံ အခြွေအရံ နိုင်ငံများအဖြစ်သာ ရှုမြင်လိုကြ
နိုင်ငံခြားရေးမူဝါဒကို သဘောမကျခဲ့သည့် အမေရိကန်သည် ၎င်းတို့ကြ
ရှိသည့် NLD ကို အတိုက်အခံပါတီအဖြစ် တွန်းပို့၍ ထိပ်တိုက်ရင်ဆို
အကူအညီများပေးခဲ့။

နိုင်ငံရေး၌ ဝင်ရောက်နှောင့်ယှက် စွက်ဖက်မှုများ (၂)

ကျော်ရဲမင်း

ပြင်ဆင်လျက်ရှိပေသည်။ အကယ်၍ မြန်မာနိုင်ငံတွင်သာ အမေရိကန်တို့အလိုကျ ပူးပေါင်းဆောင်ရွက်မည့် အစိုးရတစ်ရပ်ပေါ်ထွန်းလာပြီး အမေရိကန်စစ်အခြေစိုက်စခန်း ထားရှိခွင့်ရရှိခဲ့ပါက အမေရိကန်၏ ထိန်းချုပ်ရေးမူဝါဒကို အကောင်အထည်ဖော်ရန်အတွက် လိုအပ်သော အခင်းအကျင်း ပြည့်စုံသွားမည်ဟု ဆိုနိုင်သည်။ ထို့ကြောင့်လည်း မြန်မာနိုင်ငံတွင် အမေရိကန်အလိုကျ ဆောင်ရွက်မည့် အစိုးရတစ်ခု ပေါ်ပေါက်လာစေရန်အတွက် အစဉ်တစိုက်ကြိုးစားနေခဲ့ခြင်းဖြစ်သည်။

ယနေ့အောင်မြင်ပြီးခြောက်ခဲ့ပြီဖြစ်သည့် အမျိုးသားညီလာခံကြီးက နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်ရမည့် အခြေခံမူများကို ချမှတ်ခဲ့ရာ၌ "နိုင်ငံတော်အတွင်း မည်သည့်နိုင်ငံခြား တပ်ဖွဲ့ကိုမျှ တပ်ချစွဲမပြု" ဟူသော နိုင်ငံခြားရေးနှင့်စပ်လျဉ်းသည့် အခြေခံမူကို တညီတညွတ်တည်း ချမှတ်ခဲ့ပါသည်။ အဆိုပါ အခြေခံမူကြောင့် မြန်မာနိုင်ငံ၌ တပ်စခန်းချထားလိုသော အမေရိကန်တို့အဖို့ ဆွေ့ဆွေ့နုန်စရာဖြစ်ခဲ့ရပါသည်။ သို့အတွက် မြန်မာနိုင်ငံ၌ ၎င်းတို့၏ စစ်စခန်းကို လက်ခံမည့် အစိုးရတစ်ရပ် တစ်နည်းအားဖြင့် ရုပ်သေးအစိုးရတစ်ရပ် လိုအပ်နေခြင်းဖြစ်ပါသည်။ ထိုလိုအပ်ချက်အတွက် အမေရိကန်တို့၏ ပစ်မှတ်ရုပ်သေးရုပ်မှာ ဒေါ်စုကြည်နှင့် NLD မှတစ်ပါး အခြားမရှိနိုင်ပါ။

နည်းလမ်းမျိုးစုံသုံးဖိအားပေး ပူးပေါင်းလှုပ်ရှား

သို့သော် ဒေါ်စုကြည်ကိုယ်တိုင်မှာလည်း "ထင်သာထင် မဝင်ဘူး ကျောင်းအမေရ"ဟု ဆိုရလောက်အောင်ပင် အမျိုးသားညီလာခံက ချမှတ်ခဲ့သည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်တင်မြှောက်ပိုင်ခွင့်မရှိသည့် အသေးစိတ်အခြေခံရမည့် မူ(၁၂)ချက်နှင့် အတိအလင်းငြိစွန်းနေပြန်ပါသည်။ ထိုမူများမှာလည်း ဒေါ်စုကြည်၏ဖခင် ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ရေးဆွဲ ချမှတ်ပြဋ္ဌာန်းခဲ့သည့်မူများဖြစ်သည့်အပြင် မြန်မာအစိုးရအဆက်ဆက်က လက်ခံကျင့်သုံးခဲ့သည့်မူများလည်း ဖြစ်လေရာ သူတို့အဖို့ ဆွေးရာအခက်၊ မျိုရာအခက်ဖြစ်မည်မှာ အသေအချာပင်ဖြစ်ပါသည်။ ထို့ကြောင့်လည်း အမေရိကန်အစိုးရ၊ ဒေါ်စုကြည်နှင့် NLD တို့သည် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ကြီး မပေါ်ပေါက်နိုင်စေရေးအတွက် အမျိုးသားညီလာခံကြီး ပျက်ပြားသွားစေရန်နှင့် တပ်မတော်အစိုးရကို ဖယ်ရှားပစ်ရန် နည်းလမ်းမျိုးစုံသုံး၍ ဖိအားပေး ပူးပေါင်းလှုပ်ရှား နောင့်ယှက်နေကြခြင်းပင် ဖြစ်ပါသည်။

၁၉၉၅ခုနှစ် စက်တင်ဘာလအတွင်းက ကုလသမဂ္ဂဆိုင်ရာ အမေရိကန်အမြဲတမ်းသံအမတ်ကြီး(နောင်တွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး) မစွစ်မယ်ဒလင်း အောလ်ဘာရိုက်သည် မြန်မာနိုင်ငံသို့ အဆောတလျင် ရောက်ရှိလာပြီး ဒေါ်စုကြည်နှင့် နှစ်ကိုယ်ချင်းတွေ့ဆုံခဲ့ပါသည်။ ဒေါ်စုကြည်အနေဖြင့် ထိုတွေ့ဆုံမှုနောက်ပိုင်းတွင် ကျင်းပဆဲ အမျိုးသားညီလာခံအပေါ် ပိုမို တင်းမာသည်သဘောထား ကျင့်သုံးခဲ့ရုံမျှမက NLD ပါတီကို အမျိုးသားညီလာခံမှ ကျောခိုင်းထွက်ခွာစေခဲ့ပြီး မြန်မာနိုင်ငံကို အမေရိကန်နှင့် အနောက်အုပ်စုနိုင်ငံများ၏ ဝိုင်းပတ်ပိတ်ဆို့ အကျပ်ကိုင်ရေး ဝဲဂယက်အတွင်းရောက်အောင် တွန်းချခဲ့သည်မှာ အထင်အရှားပင်ဖြစ်ပါသည်။

အမေရိကန်တို့သည် မြန်မာနိုင်ငံအား နောင့်ယှက်ဖျက်ဆီးဆန့်ကျင်ရမည်ဆိုလျှင် မည်သူနှင့်မဆို ကောက်ကျစ်စဉ်းလဲစွာ ပူးပေါင်းရန်အသင့်ရှိသည့် နိုင်ငံဖြစ်ပါသည်။ အမေရိကန်တို့သည် ယခင်က ဘိန်းဘုရင်ဦးခွန်ဆာအား ၎င်းတို့နိုင်ငံ၏ ဖက်ဒရယ်မူယာဒေါ်ဝါးချိုးဖောက်မှုဥပဒေအရ နှစ်ကြိမ်တိုင်ခွဲ ချုပ်တင်ကာ ဖမ်းဆီးရန်သတင်းပေးနိုင်လျှင် ဒေါ်လာနှစ်သန်း ပေးမည်ဟုပင် ဖမ်းမိနိုင်ထုတ်ခဲ့ဖူးပါသည်။ သို့သော်နောက်ပိုင်းတွင် MTAနယ်ခြမ်း၌ စစ်စခန်းထူထောင်ခွင့်ရလိုမှုအတွက် အချိုသတ်သိမ်းသွင်းပြီး ရှမ်းပြည်နယ်လွတ်မြောက်ရေးနှင့် ပြည်ထောင်စုမှခွဲထွက်ရေးအတွက် တိုက်ပွဲဝင်နေသည့် နိုင်ငံရေးအင်အားစုခေါင်းဆောင်အဖြစ်ပုံဖော်ကာ ဇွေကြေး၊ လက်နက်ထောက်ပံ့မှုများပုံအောပြုလုပ်ခဲ့ပါသည်။ ဦးခွန်ဆာနယ်မြေအား လွတ်လပ်သော ရှမ်းနိုင်ငံအဖြစ်လည်းကောင်း၊ ဦးခွန်ဆာအား သမ္မတအဖြစ်လည်းကောင်း မြှောက်ပင့်ကာ ကြေညာပေးခဲ့ပါသည်။

သို့သော် ဤထောက်ပံ့ကူညီမှုများအတွက် အမေရိကန်စစ်စခန်းတစ်ခု ထူထောင်ခွင့်ပြုရန် အပေးအယူစကား ပြောကြားလာသည့် အချိန်တွင်မူ ဦးခွန်ဆာသည် အမျိုးသားနိုင်ငံရေးသတိုင်္ဂိုဖြင့် ၎င်းနှင့်တကွ ပြည်ထောင်စုတစ်ခုလုံးအပေါ် ကျရောက်လာနိုင်သည့် နယ်ချဲ့လက်သစ်အန္တရာယ်ကို ကောင်းစွာရိပ်စားမိပြီး မဆိုင်းမတွ ငြင်းပယ်ခဲ့ပါသည်။ ထို့နောက် ဦးခွန်ဆာသည်လည်း ၅-၁-၁၉၉၆ရက်နေ့တွင် တပ်မတော်အစိုးရထံသို့ ခြွင်းချက်မရှိ လက်နက်အားလုံးအပ်နှံ၍ ငြိမ်းချမ်းရေးရယူခဲ့ပါသည်။ ပြည်တွင်းရေးကို လက်ကုန်နှိုက်စွက်ဖက်ခြေရှုပ်ပြီး မြန်မာနိုင်ငံအပေါ် အကြပ်ကိုင်စွာလုပ်ကြံမှုကြီး ပျက်ပြားကျဆုံးသွားခဲ့ရခြင်းသည် တပ်မတော်အစိုးရ၏ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအပေါ် ထားရှိသည့် မှန်ကန်ဖြောင့်မတ်သော သဘောထားရပ်တည်ချက်ကြောင့်ဟုဆိုလျှင် မှားအံ့မထင်ပါ။

အမေရိကန်ဓာတ်သွင်းနိုင်ငံရန်နှင့် ရုပ်သေးအစိုးရတင်နိုင်ရန်

အမေရိကန်အစိုးရအဆက်ဆက်သည် မြန်မာနိုင်ငံအပေါ် ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေး အကြောင်းပြချက်များဖြင့် အမေရိကန်ဓာတ်သွင်းနိုင်ရန်နှင့် ရုပ်သေးအစိုးရတင်နိုင်ရန် အစဉ်တစိုက်ကြိုးပမ်းခဲ့ကြပါသည်။ ထို့ပြင် တစ်ဖက်သတ်ပိတ်ဆို့မှုများ တိုးမြှင့်ပြုလုပ်နိုင်ရန်အတွက် ၃-၁၀-၁၉၉၆ရက်နေ့တွင် Proclamation 6925 ကိုလည်းကောင်း၊ ၂၀-၃-၁၉၉၇ရက်နေ့တွင်

အမေရိကန်နိုင်ငံသားများနှင့်ကုမ္ပဏီများအား မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုအသစ်များပြုလုပ်ခြင်းကို တားမြစ်မိန့် [Executive Order 13047] ကိုလည်းကောင်း သမ္မတကလင်တန်ကိုယ်တိုင် လက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့ပါသည်။

ထို့အပြင် **အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ နှစ်စဉ်ထုတ်ပြန်နေသည့် လူ့အခွင့်အရေး၊ ဘာသာရေးလွတ်လပ်ခွင့်နှင့် မူးယစ်ဆေးဝါးဆိုင်ရာ အစီရင်ခံစာများတွင်လည်း မြန်မာနိုင်ငံ၏ ပကတိအခြေအနေများနှင့် ကွဲလွဲနေသည့် သုံးသပ်ချက်များကို စဉ်ဆက်မပြတ် ထည့်သွင်းဖော်ပြလျက်ရှိပါသည်။** အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ၂၅-၉-၂၀၀၂မှ ၂၇-၃-၂၀၀၃အထိ မြန်မာနိုင်ငံအခြေအနေနှင့် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်မူဝါဒအစီရင်ခံစာ (Conditions in Burma and U.S Policy Towards Burma for the Period September 28, 2002-March 27,2003] တွင်လည်း မြန်မာအစိုးရအနေဖြင့် NLDနှင့်အမ်ပာယ်ရှိသော တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ခြင်းမရှိကြောင်း၊ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများတွင် တိုးတက်မှုမရှိကြောင်း ဖော်ပြခဲ့ပြီး အမေရိကန်အစိုးရအနေဖြင့် နိုင်ငံတကာအသိုင်းအဝိုင်းနှင့် ပူးပေါင်းပြီး နောက်ထပ်ပိတ်ဆို့အရေးယူမှုအသစ်များနှင့် အခြားလိုအပ်သောအရေးယူမှုများ ထပ်မံပြုလုပ်ရလိမ့်မည်ဟု ခြိမ်းခြောက်ခဲ့ပါသည်။

ထို့ပျှနှင့် မကျေနပ်နိုင်သေးဘဲ ၂၈-၇-၂၀၀၃ရက်နေ့တွင် မြန်မာနိုင်ငံမှ ငွေလွှဲပြောင်းပေးပို့ခြင်းကို ပိတ်ဆို့ခြင်းနှင့် နိုင်ငံတကာငွေကြေးအဖွဲ့အစည်းများက မြန်မာနိုင်ငံသို့ ငွေကြေးအထောက်အပံ့များ ပေးကမ်းခြင်းမပြုရန် ပိတ်ပင်ခြင်းတားဆီးမိန့် [Executive Order 13310] ကို လည်းကောင်း၊ မြန်မာနိုင်ငံမှ ထွက်ကုန်များ အမေရိကန်သို့တင်သွင်းခြင်းကို တားမြစ်ပိတ်ဆို့သည့် Burmese Freedom and Democracy Act of 2003 ကိုလည်းကောင်း သမ္မတဘုရင်က လက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့ပါသည်။

အမေရိကန်အစိုးရသည် ကိုယ်တိုင်ပိတ်ဆို့တားဆီးရုံမျှနှင့်အားမရနိုင်သေးဘဲ ဇြတိန်အပါအဝင် ဥရောပသမဂ္ဂကိုလည်း မြန်မာနိုင်ငံအပေါ် အလားတူအရေးယူပိတ်ဆို့မှုများပြုလုပ်ရန် အစဉ်တစိုက်တွန်းအားပေး ဆောင်ရွက်ခဲ့ပါသည်။ အမေရိကန်နှင့်ဇြတိန်တို့ပူးပေါင်း၍ မြန်မာနိုင်ငံကို အာဆီယံအဖွဲ့ဝင်အဖြစ်လက်မခံရန်အတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများအပေါ် ဖိအားပေးမှုများ ပြုလုပ်ခဲ့ပါသည်။ သို့သော် ထိုကြိုးပမ်းမှုများ မအောင်မြင်သည့်အခါ မြန်မာနိုင်ငံပါဝင်သည့် အာဆီယံ-အမေရိကန် ဆွေးနွေးပွဲများ၊ အာဆီယံ-အီးယူ ဆွေးနွေးပွဲများကို အဆင့်လျှော့ချခြင်း၊ ဖျက်သိမ်းခြင်းများ ပြုလုပ်လျက် မြန်မာနိုင်ငံကို သံတမန်ရေးရာအရ အထီးကျန်ဖြစ်စေရန် ကြိုးပမ်းဆောင်ရွက်လာခဲ့ပါသည်။ နောက်ပိုင်းတွင် အာဆီယံနိုင်ငံများ၏ မြန်မာနိုင်ငံအပေါ်ထားရှိသည့် မူဝါဒများကိုမြင်ပြင်းလဲလှယ်အတွက် ဖိအားပေးမှုများပင် ပြုလုပ်လာခဲ့ပါသည်။

သစ္စာဖောက်ပုဆိန်ရိုးများ

အထက်ပါလုပ်ဆောင်ချက်များကို ကြည့်ခြင်းအားဖြင့် အမေရိကန်အစိုးရသည် ၎င်းတို့အလိုကျ လိုက်ပါဆောင်ရွက်ခြင်းမရှိသည့် မြန်မာနိုင်ငံအပေါ် တစ်နည်းမဟုတ်တစ်နည်းဖြင့် ဒုက္ခပေးရန် အစဉ်တစိုက် ကြိုးပမ်းလုပ်ဆောင်ခဲ့ကြောင်း ပေါ်လွင်နေပါသည်။ ထိုအခြေအနေကို အခွင့်ကောင်းယူပြီး ပြည်ပြေးအဖွဲ့များကလည်း အမေရိကန်အထက်လွှတ်တော်နှင့် အောက်လွှတ်တော်တို့မှ ဩဇာကြီးသည့် အမတ်များကို ချဉ်းကပ်ပြီး မြန်မာနိုင်ငံအရေးကို လုံခြုံရေးကောင်စီတွင် ဆွေးနွေးနိုင်ရေးအတွက် အမေရိကန်နိုင်ငံကဉီးဆီးဦးရွက်ပြုရန် တိုက်တွန်းတောင်းဆိုခဲ့ကြပါသည်။ ကိုယ့်အိမ်ကို ဓားပြတိုက်ချ၍၍ အကွက်ချောင်းနေသည့် ကမ္ဘာထိပ်သီးဓားပြကြီးကိုမှ လက်ထောက်ချရလောက်အောင်မိုက်မဲသည့် သစ္စာဖောက် ပုဆိန်ရိုးများကို အမြန်မာပြည်မှ မောင်းထုတ်သင့်သည်မှာ ကြာလှပါပြီ။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ နှစ်စဉ်ထုတ်ပြန်နေသည့် လူ့အခွင့်အရေး၊ ဘာသာရေးလွတ်လပ်ခွင့်နှင့် မူးယစ်ဆေးဝါးဆိုင်ရာ အစီရင်ခံစာများတွင်လည်း မြန်မာနိုင်ငံ၏ ပကတိအခြေအနေများနှင့် ကွဲလွဲနေသည့် သုံးသပ်ချက်များကို စဉ်ဆက်မပြတ် ထည့်သွင်းဖော်ပြလျက်ရှိပါသည်။

မြန်မာနိုင်ငံ၏ ပကတိအခြေအနေများနှင့် ကွဲလွဲနေသည့် သုံးသပ်ချက်များကို စဉ်ဆက်မပြတ် ထည့်သွင်းဖော်ပြလျက်ရှိပါသည်။

မြန်မာနိုင်ငံရေး၌ ဝင်ရောက်နှောင့်ယှက် စွက်ဖက်မှုများ (၂)

ကျော်ရဲမင်း

အမေရိကန်အစိုးရသည် ကိုယ်တိုင် ပိတ်ဆို့တားဆီးရုံမျှနှင့် အားမရနိုင်သေးဘဲ ဇြတိန်အပါအဝင် ဥရောပသမဂ္ဂကိုလည်း မြန်မာနိုင်ငံအပေါ် အလားတူ အရေးယူပိတ်ဆို့မှုများပြုလုပ်ရန် အစဉ်တစိုက် တွန်းအားပေး ဆောင်ရွက်ခဲ့။ အမေရိကန်နှင့် ဇြတိန်တို့ပူးပေါင်း၍ မြန်မာနိုင်ငံကို အာဆီယံအဖွဲ့ဝင်အဖြစ် လက်မခံရန်အတွက် အာဆီယံအဖွဲ့ဝင် နိုင်ငံများအပေါ် ဖိအားပေးမှုများ ပြုလုပ်ခဲ့ပါသည်။

မှုစ၍ နိုင်ငံခြားရေးဝါဒကို ကြားနေရေး၊ ဘက်မလိုက်ရေးနှင့် လွတ်လပ်၍ က်မတ်မတ် ကျင့်သုံးခဲ့။ အမေရိကန်အစိုးရအဆက်ဆက်ကမူ ကြားနေရေး၊ လွတ်လပ်ပြီးစ ပွဲ့ပြိုးအောင်အားထုတ်နေရသော နိုင်ငံငယ်များကို ၎င်းတို့ ့ နိုင်ငံများအဖြစ်သာ ရှုမြင်လိုကြသည့် သဘောထားရှိ။ တည်ဆဲအစိုးရ၏ အမေရိကန်သည် ၎င်းတို့ကြိုက်သလို ကြိုးကိုင်ခြယ်လှယ်စေစားနိုင်စွမ်း ဖြစ် တွန်းပို့၍ ထိပ်တိုက်ရင်ဆိုင်စေခဲ့ပြီး နောက်ကွယ်မှ နည်းလမ်းမျိုးစုံဖြင့်

အမေရိကန်၊ ပြိတိန်တို့၏ မြန်မာ့နိုင်ငံရေး၌ ဝင်ရောက်နှောင့်ယှက် စွက်ဖက်မှုများ (၂)

စာမျက်နှာ ၉ ဆောင်းပါးမှအဆက်

သစ္စာဖောက်ပုဆိန်ရိုးတို့၏ လက်ထောက်ချကောင်းမှုကြောင့် အမေရိကန်တို့သည် နောက်ထပ် ခြေလှမ်းသစ်တစ်ရပ် လှမ်းခဲ့ပြန်ပါသည်။ ၂၀၀၄ ခုနှစ် မေလတွင်မူ NLD ပါတီက မြန်မာနိုင်ငံအရေးကို လုံခြုံရေးကောင်စီတွင် တင်ပြဖြေရှင်းပေးရန် တောင်းဆိုခဲ့ပါသည်။ ၂၂-၉-၂၀၀၄ရက်နေ့တွင်မူ အမေရိကန် အထက်လွှတ်တော်က မြန်မာနိုင်ငံအရေးကို လုံခြုံရေးကောင်စီက ဖြေရှင်းပေးရန် တောင်းဆိုသည့် ဆုံးဖြတ်ချက်ကို ချမှတ်ခဲ့ပါသည်။ အဆိုပါဆုံးဖြတ်ချက်တွင် မြန်မာနိုင်ငံမှ လူ့အခွင့်အရေးချိုးဖောက်မှုများ၊ HIV/AIDS ဖြစ်ပွားမှု အခြေအနေများ၊ မူးယစ်ဆေးဝါးစိုက်ပျိုးထုတ်လုပ် ရောင်းဝယ်မှုများနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် တိုက်ပွဲများဖြစ်ပွားနေမှုများသည် ဒေသတွင်းတည်ငြိမ်မှုကို ထိခိုက်စေသဖြင့် လုံခြုံရေးကောင်စီမှ အရေးယူဆောင်ရွက်သင့်ကြောင်း ဖော်ပြထားခဲ့ပါသည်။

မြန်မာနိုင်ငံမှ လုပ်ငန်းများရပ်သိမ်းသွားခဲ့

ထိုအချိန်မှစတင်ပြီး **အမေရိကန်အစိုးရက မြန်မာနိုင်ငံအတွင်းရှိ အခြေအနေများသည် နိုင်ငံတကာနှင့် ဒေသတွင်း ငြိမ်ချမ်းရေးနှင့် လုံခြုံရေးကို ထိခိုက်စေသည်ဟု နိုင်ငံတကာ အသိုင်းအဝိုင်းက ရှုမြင်လာစေရန်အတွက် ပုံဖော်မှုများကို ဆောင်ရွက်လာခဲ့ပါသည်။ တစ်ဖက်ကလည်း မြန်မာနိုင်ငံတွင် လူသားချင်း စာနာထောက်ထားမှု အကူအညီပေးနေသော နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများကို လုပ်ငန်းများရပ်သိမ်းစေရန်လည်းကောင်း၊ အကူအညီများကို လျှော့ချစေရန်လည်းကောင်း အမျိုးမျိုးဖိအားပေးမှုများ ပြုလုပ်လာခဲ့ပါသည်။** ၅-၁၀-၂၀၀၄ ရက်နေ့တွင် အထက်လွှတ်တော် နိုင်ငံခြားဆက်ဆံရေးကော်မတီ၏ အရှေ့အာရှဆိုင်ရာ ဆပ်ကော်မတီဥက္ကဋ္ဌ အထက်လွှတ်တော်အမတ် ဆမ်ဘရောင်းဘက်နှင့် အမတ်နှစ်ဦးက Global Fund နှင့် UNDP သို့ မြန်မာနိုင်ငံတွင် ဆောင်ရွက်နေသော ရောဂါသုံးမျိုးတိုက်ဖျက်ရေးအတွက် Global Fund မှ ငွေကြေးထောက်ပံ့နေခြင်းကို ရပ်ဆိုင်းရန် တောင်းဆိုခဲ့ပါသည်။ Global Fund သို့ ရန်ပုံငွေ အများဆုံးထည့်ဝင်နေသည့် အမေရိကန်နိုင်ငံမှ ဖိအားပေးမှုများကြောင့် Global Fund သည် ၁၈-၈-၂၀၀၅ရက်နေ့တွင် မြန်မာနိုင်ငံမှ လုပ်ငန်းများ ရပ်သိမ်းသွားခဲ့ရပါသည်။

အမေရိကန်မှ ငွေကြေးဝယ်ရောင်းလောင်းကစားမှုပြုလုပ်နေသော ဂျော့ဆိုရော့စ်သည် မြန်မာနိုင်ငံအပါအဝင် နိုင်ငံတကာသို့ ဝင်ရောက်စွက်ဖက်ရေးအတွက် Refugee International အဖွဲ့၊ Burma Action Group[BAG] တစ်ဖြစ်လဲ The Burma Campaign အဖွဲ့နှင့် Human Right Watch အဖွဲ့ကဲ့သို့သော အဖွဲ့အမျိုးမျိုးဖွဲ့ပြီး အကြမ်းဖက်သမား ပြည်ပပြုများကို စိတ်ပိုင်း၊ ရုပ်ပိုင်း ထောက်ပံ့ကူညီမှုများပေး၍ မြန်မာနိုင်ငံ ဖျက်ဆီးရေးစီမံကိန်း၌ တစ်တပ်တစ်အား ပါဝင်လုပ်ဆောင်လျက်ရှိပါသည်။ ထို့ပြင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ အဓိက ကြိုးကိုင်မှုဖြင့် ဖွဲ့စည်းထားသော **National Endowment for Democracy[NED] အဖွဲ့ကလည်း မြန်မာနိုင်ငံ ဖျက်ဆီးရေးအတွက် ငွေကြေးအမြောက်အမြား ပုံအော့၍ ကြိုးပမ်းနေသည်ကို တွေ့ရှိရပါသည်။ NED အဖွဲ့၏ ရန်ပုံငွေကို အမေရိကန်ကွန်ဂရက်က အများဆုံးကျခံရပြီး အခြားငွေကြေးချမ်းသာသည့် NGO များကလည်း ဖြည့်ဆည်းထောက်ပံ့ပေးသည်ဟု ဆိုပါသည်။ NED အဖွဲ့သည် နည်းလမ်းမျိုးစုံဖြင့်ရရှိသော ရန်ပုံငွေများကို နယ်စပ်ဒေသရှိ အကြမ်းဖက် သောင်းကျန်းသူများနှင့် ပြည်ပပြေးများအား ထောက်ပံ့လျက်ရှိရာ ခွန်စဉ်ဒေါ်လာသန်းနှင့်ချီ၍ သုံးစွဲခဲ့ကြောင်း ဧလေ့လာတွေ့ရှိရပါသည်။**

ပြည်ပပြေး ဝရမ်းပြေးများကို ကူညီထောက်ပံ့

အမေရိကန်အစိုးရသည် နှစ်စဉ်ပြည်ပအကူအညီပေးရေးနှင့်သက်ဆိုင်သောဥပဒေ [Annual Foreign Assistance Appropriation Act] အရ မြန်မာ့-ထိုင်းနယ်စပ်ရှိ တောတွင်းလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ပြည်ပပြေးဝရမ်းပြေးအဖွဲ့များကို ကူညီထောက်ပံ့ပေးလျက်ရှိပါသည်။ နှစ်စဉ်လျာထားသော ရန်ပုံငွေအတွက် ကွန်ဂရက်ကသတ်မှတ်ပေးပြီး နိုင်ငံခြားရေးဝန်ကြီးဌာနက တိုက်ရိုက်စီမံခန့်ခွဲကာ ထောက်ပံ့ကူညီနေခြင်း ဖြစ်ပါသည်။

ထို့ပြင် အမေရိကန်အစိုးရနှင့် လွတ်တော်အမတ်များသည် ၎င်းတို့နှင့် နှောင်ကြိုးမကင်းသော နိုင်ငံတကာမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် လူမှုရေးအဖွဲ့အစည်းများ၊ အာဏာပိုင်အဖွဲ့အစည်းများ၏ အကူအညီများကိုရယူပြီး ပြည်ပပြေးသောင်းကျန်းသူများ၊ အကြမ်းဖက်သမားများကို မြန်မာ့-ထိုင်းနယ်စပ်မှ တစ်ဆင့် အမေရိကန်၊ ဂျပန်၊ အင်္ဂလန်၊ ဩစတြေးလျနှင့် ထိုင်းနိုင်ငံတို့တွင် ဒုက္ခသည်အမည်ခံ၍ နေထိုင်ခွင့် ရရှိစေရန်လည်း စီစဉ်လုပ်ဆောင်ပေးခဲ့ကြပါသည်။ ထိုလုပ်ဆောင်မှုများအားလုံးတွင် ဗြိတိန်အစိုးရနှင့် လွတ်တော်အမတ်များကလည်း ပူးပေါင်းဆောင်ရွက်ခဲ့ကြပါသည်။

ဗြိတိသျှသံတမန်များသည် ၈၈အရေးအခင်းကာလတွင် အမေရိကန်သံတမန်များနှင့်အတူ ဆူပူဆန္ဒပြသူများကို လိုက်လံအားပေးခြင်း၊ အကူအညီများပေးခြင်းတို့ကို ပြုလုပ်ခဲ့သည်။ အထူးသဖြင့် ဗြိတိသျှနိုင်ငံသားနှင့်လက်ထပ်ထားသည့် ဒေါ်စုကြည်၏ လှုပ်ရှားမှုများတွင် ဗြိတိသျှသံရုံးမှ နီးနီးကပ်ကပ်ပါဝင်ကူညီဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရပါသည်။

တပ်မတော်မှ နိုင်ငံတော်အာဏာကို လွှဲပြောင်းရယူပြီးနောက် "အောင်-စု-တင်"အဖွဲ့က NLD ပါတီကို ဖွဲ့စည်းခဲ့ချိန်မှစတင်ပြီး ဗြိတိသျှသံတမန်များသည် ဒေါ်စုကြည်နေအိမ်နှင့် NLD ဌာနချုပ်များသို့ ဝင်ထွက်သွားလာမှုများ ပြုလုပ်ခဲ့သကဲ့သို့ ဒေါ်စုကြည်ကလည်း ဗြိတိသျှသံအမတ်ကြီးနေအိမ်သို့ မကြာခဏသွားရောက်လည်ပတ်ပြီး နေ့လယ်စာ၊ ညစာစားပွဲများကို တက်ရောက်ခဲ့ပါသည်။ ၁၉၈၉ခုနှစ်တွင် ဒေါ်စုကြည်ကို နေအိမ်တွင်တားဆီးအမိန့် ထုတ်ပြန်ထားခဲ့ချိန်၌ ခင်ပွန်းဖြစ်သူ မိုက်ကယ်အဲရစ်ထိမ္ပ ပေးပို့သည့် စာနှင့် စားသောက်ဖွယ်ရာများကို ဗြိတိသျှသံရုံးမှပင် တာဝန်ယူပြီး ပို့ဆောင်ပေးခဲ့သည်ဟုလည်း ကြားသိခဲ့ရသည်။

ဗြိတိသျှသံရုံးသို့ ဖိတ်ခေါ်ဆွေးနွေးမှုပြုလုပ်ခဲ့

ဗြိတိသျှသံတမန်တစ်ဦးဆိုပါက မြန်မာစကားကို ကျွမ်းကျင်စွာပြောဆိုနိုင်သောကြောင့် NLDပါတီမှ ပြုလုပ်သည့် အခမ်းအနားများသာမက အစိုးရကို ဆန့်ကျင်နေသည့် အဖွဲ့အစည်းအမျိုးမျိုးက ပြုလုပ်သည့် အခမ်းအနားအမျိုးမျိုးကို လိုက်လံတက်ရောက်ပြီး အားပေးအားမြှောက်လုပ်ခဲ့သည်ကို တွေ့ရသည်။ ဗြိတိသျှသံရုံးတွင် ဖွင့်လှစ်ထားသည့် ဗြိတိသျှကောင်စီနှင့် ဗြိတိသျှကလပ်သို့လည်း NLD နှင့် မင်းကိုနိုင် အုပ်စုတို့ကို ဖိတ်ခေါ်ဆွေးနွေးခြင်း၊ သဲရုံးအခမ်းအနားများသို့ ဖိတ်ကြားခြင်းများလည်း ပြုလုပ်ခဲ့သည်ကို တွေ့ရပါသည်။ ထို့အပြင် ဗြိတိသျှနိုင်ငံခြားရေးရုံးမှ တာဝန်ရှိသူများလာရောက်ချိန်တွင်လည်း NLD နှင့် ဆန့်ကျင်ဘက် အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များကို ဗြိတိသျှသံရုံးသို့ ဖိတ်ခေါ်ဆွေးနွေးမှုများပြုလုပ်ခဲ့သည်ကို တွေ့ရပါသည်။

အမေရိကန်အစိုးရသည် ဗြိတိန်အစိုးရနှင့်ပေါင်း၍ ပြည်ပပြေးအဖွဲ့အစည်းများနှင့်ဆက်သွယ်ကာ မြန်မာနိုင်ငံအရေးကို လုံခြုံရေးကောင်စီတွင် တင်ပြနိုင်ရေးအတွက် ပြင်ဆင်မှုများကို ၂၀၀၅ခုနှစ်တွင် ဆက်လက်ဆောင်ရွက်ခဲ့ပါသည်။ အမေရိကန်နှင့် ဗြိတိန်မှထုတ်ပြန်သည့် အစီရင်ခံစာအမျိုးမျိုးတွင် မြန်မာနိုင်ငံ၏ အခြေအနေများကို ပကတိအခြေအနေမှန်များနှင့်ကွဲလွဲပြီး သတင်းအချက်အလက်အမှားများကို ဖော်ပြခဲ့သည့်အပြင် ထိုဖော်ပြချက်များကို အထောက်အကူဖြစ်စေရန်အတွက် အဖွဲ့အစည်း အမည်အမျိုးမျိုးကိုလည်း မြန်မာနိုင်ငံနှင့်ပတ်သက်သည့် အစီရင်ခံစာများ ထုတ်ပြန်စေရန် ဆောင်ရွက်လာခဲ့ပါသည်။ ၂၃-၆-၂၀၀၅ ရက်နေ့တွင် မြန်မာအစိုးရက တိုင်းရင်းသားလူမျိုးစုများအပေါ် လူမျိုးတုံးသတ်ဖြတ်မှုများ ပြုလုပ်နေသည်ဟု စွပ်စွဲထားသည့် Guy Horton ပြုစုသည့် Dying Alive အစီရင်ခံစာကို ဗြိတိန်နိုင်ငံတွင် ဖြန့်ဝေခဲ့ပါသည်။

၂၀-၉-၂၀၀၅ ရက်နေ့တွင် ဘုန်းတော်ကြီး ဒကံစမ္ဘဝတုးနှင့် ချက်သမ္ဘတဟောင်း ဟာဗယ်တို့က မြန်မာနိုင်ငံအရေးကို လုံခြုံရေးကောင်စီမှ ကိုင်တွယ်ဖြေရှင်းပေးရန် တောင်းဆိုထားသည့် Threat to Peace; A Call for the UN Security Council to Act in Burma အမည်ရှိစာတမ်းကို ထုတ်ဝေခဲ့ပါသည်။ ၂၁-၉-၂၀၀၅ရက်နေ့တွင်မူ ဒု-လက်ထောက်နိုင်ငံခြားရေးဝန်ကြီး အဲရစ်ဂျန်မှ ထိုအစီရင်ခံစာကို ကိုးကားပြီး မြန်မာနိုင်ငံအရေးကို လုံခြုံရေးကောင်စီ အစီအစဉ်တွင်ထည့်သွင်းနိုင်ရေး ကြိုးစားသွားမည်ဖြစ်ကြောင်း အောက်လွှတ်တော်တွင် အစီရင်ခံခဲ့သည်။

လုံခြုံရေးကောင်စီဥက္ကဋ္ဌထံ စာရေးသားတောင်းဆို

၁-၉-၂၀၀၆ရက်နေ့တွင် ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ် ဂျွန်ဘိုလ်တန်က မြန်မာနိုင်ငံတွင် နိုင်ငံရေးအကျဉ်းသားများအား ဆက်လက်ဖမ်းဆီးထားမှု၊ ဒုက္ခသည်ပြဿနာ၊ မူးယစ်ဆေးဝါးပြဿနာ၊ အေအိုင်ဒီအက်စ်နှင့် အခြားရောဂါဖြစ်ပွားမှုပြဿနာ စသည်ဖြင့် ပြဿနာများသည် ဒေသတွင်း မတည်ငြိမ်မှုကို ဖြစ်ပွားစေပြီး နိုင်ငံတကာငြိမ်းချမ်းရေးနှင့်လုံခြုံမှုကို ထိခိုက်လာနိုင်သဖြင့် လုံခြုံရေးကောင်စီ၏ အာဂျင်ဒါတွင် ထည့်သွင်းဆွေးနွေးရန် လုံခြုံရေးကောင်စီဥက္ကဋ္ဌထံသို့ စာရေးသားတောင်းဆိုခဲ့ပါသည်။ ထိုကြိုးပမ်းမှုမှ ဗြိတိန်ကလည်း အားတက်သရော ထောက်ခံပူးပေါင်းခဲ့သည်။ အဆိုပါ အမေရိကန်နှင့်ဗြိတိန်တို့၏ တင်ပြချက်ကို ၁၅-၉-၂၀၀၆ရက်နေ့တွင် လုံခြုံရေးကောင်စီ၌ မဲခွဲဆုံးဖြတ်ရာ ထောက်ခံမဲ ၁၀မဲ၊ ကန့်ကွက်မဲ ဧလေးမဲ၊ ကြားနေမဲ တစ်မဲဖြင့် အတည်ပြုခဲ့ပြီးနောက် Situation in Myanmar ခေါင်းစဉ်ဖြင့် လုံခြုံရေးကောင်စီ၏ ဆွေးနွေးမည့် အစီအစဉ်တွင် ထည့်သွင်းရန် ဆုံးဖြတ်ခဲ့ပါသည်။

ထိုသို့ အမေရိကန်၏ဆောင်ရွက်ချက်အပေါ် NLD က ကြိုဆိုကြောင်း ၁၈-၉-၂၀၀၆ရက်နေ့တွင် ကြေညာချက်ထုတ်ပြန်ခဲ့ပါသည်။ ထိုအချိန်မှစ၍ ပြည်တွင်းမှ NLD ဦးဆောင်သော ဆန့်ကျင်ဘက် အဖွဲ့အစည်းများနှင့် ပြည်ပပြေးအဖွဲ့များသည် မြန်မာ့အရေးကို လုံခြုံရေးကောင်စီတွင် ဆွေးနွေးနိုင်ရေးအတွက် ကြေညာချက်အမျိုးမျိုး ထုတ်ပြန်ခြင်း၊ စည်းရုံးပြောဆိုခြင်းများကို ဟန်ချက်ညီ လိုက်ပါဆောင်ရွက်ခဲ့ပါသည်။

အမေရိကန်နှင့် ဗြိတိန်တို့သည် ပထမအကြိမ် ၂၀၀၆ခုနှစ် စက်တင်ဘာလက လုံခြုံရေးကောင်စီအစီအစဉ်တွင် ဆွေးနွေးရေးတင်သွင်းသည့်အဆိုအောင်မြင်ခဲ့သည့်အတွက် ၁၁-၁-၂၀၀၇ရက်နေ့တွင် လုံခြုံရေးကောင်စီ၌ မြန်မာနိုင်ငံ၏အရေးကိစ္စအပေါ် ဆုံးဖြတ်ချက် (Resolution) ချမှတ်အရေးယူနိုင်ရေးအတွက် ဆက်လက်တင်သွင်းခဲ့ပြန်ပါသည်။ သို့သော် ဤတစ်ကြိမ်မဲတွင်မူ ၎င်းတို့၏ မမှန်ကန်သော တစ်ဖက်သတ် လုပ်ရပ်သည် တရုတ်နှင့်ရုရှားတို့၏ ဗီတိုအာဏာ (Double Veto) သုံးပြီး ပယ်ချမှုကို မမှုမလှု ခံလိုက်ရပြီး ပျက်ပြားသွားခဲ့ပါသည်။ ဤဖြစ်ရပ်သည် မြန်မာနိုင်ငံနှင့်စပ်လျဉ်းသည့် အမှန်တရားက အောင်ပွဲခံလိုက်ခြင်းဖြစ်သကဲ့သို့ တစ်နည်းအားဖြင့် အမှန်တရားကို မြတ်နိုးသည့် နိုင်ငံတကာပြည်သူများနှင့် မြန်မာပြည်သူများ၏ အောင်ပွဲအဖြစ် မော်ကွန်းတင်ခဲ့ပြီဖြစ်ပါသည်။

ဗြိတိသျှသံတမန်များသည် ၈၈အရေးအခင်းကာလတွင် အမေရိကန်သံတမန်များနှင့်အတူ ဆူပူဆန္ဒပြသူများကို လိုက်လံအားပေးခြင်း၊ အကူအညီများပေးခြင်းတို့ကို ပြုလုပ်ခဲ့။ အထူးသဖြင့် ဗြိတိသျှနိုင်ငံသားနှင့်လက်ထပ်ထားသည့် ဒေါ်စုကြည်၏ လှုပ်ရှားမှုများတွင် ဗြိတိသျှသံရုံးမှ နီးနီးကပ်ကပ် ပါဝင်ကူညီဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရ။

အဲယားဘတ်စ်-အေ၃၈၀ လေယာဉ် ဟောင်ကောင်၌ အနိမ့်ပျံသန်းပြသ

ဟောင်ကောင် စက်တင်ဘာ ၆

အာရုလေကြောင်းပြပွဲဖွင့်ပွဲမတိုင်မီ စက်တင်ဘာ ၃ ရက်က ဟောင်ကောင်၌ ကမ္ဘာ့အကြီးဆုံး ခရီးသည်တင် လေယာဉ်ဖြစ်သော အဲယားဘတ်စ်-အေ၃၈၀ လေယာဉ်ကြီးသည် အနိမ့်ပျံသန်းပြသခဲ့သည်။ (အပေါ်ပုံ)

သည်းထိတ်ရင်ဖိုခဲစား-

အရှည် ၇၂ ဒသမ ၈မီတာအရှည်ရှိသော အဆိုပါစွမ်းအားဖြင့် ဂျက်လေယာဉ်ကြီးသည် ဗစ်တိုးရီးယား ဆိပ်ကမ်းပေါ်မှ အနိမ့်ပျံသန်းပြသခဲ့ရာ ပြည်သူများအနေဖြင့် မြေပြင်မှနေ၍ ထူးထူးခြားခြား အသေးစိတ် မြင်တွေ့ခဲ့ရ၍ သည်းထိတ်ရင်ဖို ခံစားခဲ့ရကြောင်း၊ လေယာဉ်ပျံသန်းနေစဉ် စက်သံမာလည်း ကျယ်လောင်စွာ ကြားရခြင်း မရှိကြောင်း ကြည့်ရှုခဲ့သူတစ်ဦး၏ ပြောကြားချက်ကို အာဘီအိတ်ချ်ကေ အသံလွှင့်ဌာနက ကြေညာသည်။

ပျံသန်းပြသ-

အဆိုပါ လေယာဉ်မှာ ဟောင်ကောင် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ စက်တင်ဘာ ၂ ရက် ညနေ၆နာရီခွဲတွင် ဆိုက်ရောက်ခဲ့ပြီး စက်တင်ဘာ ၃ ရက် နံနက် ၇ နာရီခွဲတွင် ဟောင်ကောင်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ထွက်ခွာ၍ ပျံသန်းပြသခဲ့ခြင်း ဖြစ်သည်။

အမ်အင်နဲ့အေ၊ဆင်ဟွာ

အပေက်နိုင်ငံများနည်းပညာပွဲ ပြိုးရေး ရန်ပုံငွေများပိုမိုရရှိရန် ကြိုးပမ်းဆောင်ရွက်မည်

ဆစ်ဒနီ စက်တင်ဘာ ၆

ဒေသအတွင်းစီးပွားရေးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်မှုကို ဖြည့်ဆည်းပံ့ပိုးပေးနိုင်ရန်အတွက် အာရှ-ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု(အေပက်) အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ရန်ပုံငွေပိုမိုရရှိရန် ကြိုးပမ်းဆောင်ရွက်မည်ဖြစ်ကြောင်း အေပက်အရာရှိတစ်ဦးက စက်တင်ဘာ ၄ ရက်၌ ပြောကြားသည်။

အေပက်အဖွဲ့ဝင်များအတွက် အဆိုပါ ရန်ပုံငွေသည် အရေးကြီးကြောင်း အေပက်အဖွဲ့ စီးပွားရေးနှင့် နည်းပညာ ပူးပေါင်းမှုဆိုင်ရာ အမြဲတမ်းကော်မတီဥက္ကဋ္ဌ လူစ်ကွီဆာဒါက ပြောကြားသည်။

ဖွံ့ဖြိုးတိုးတက်မှုများပြုလုပ်

အေပက်အဖွဲ့သို့ တရုတ်နှင့် အခြားနိုင်ငံတစ်နိုင်ငံတို့ကအဖေရိကန်ဒေါ်လာ ၈၀၀၀၀အား လာမည့် သုံးနှစ်အတွင်း ရန်ပုံငွေပေးသွားမည် ဖြစ်ကြောင်းထို့ငွေများဖြင့်ဖွံ့ဖြိုးတိုးတက်မှုများ ပြုလုပ်သွားရန်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ဆောင်ရွက်သွားမည်

ထို့အပြင် စီးပွားရေး နည်းပညာနှင့် လူ့စွမ်းအားအရင်းအမြစ် တိုးတက်ဖွံ့ဖြိုးရေးတို့တွင် အောင်မြင်မှုများ ရရှိရန်ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း လည်း လူစ်ကွီဆာဒါက ပြောကြားသည်။ **အမ်အင်နဲ့အေ၊ဆင်ဟွာ**

အင်ဒိုနီးရှားရှိ ပြည်ထဲရေးဝန်ကြီး အသစ်ခန့်အပ်

ဂျကာတာ စက်တင်ဘာ ၆

အင်ဒိုနီးရှားသမ္မတ ဆူဆီလိုဘန်ဘန်းသည် ဩဂုတ် ၂၈ ရက်က ကျန်းမာရေးအရ အနားယူသွားသော ပြည်ထဲရေးဝန်ကြီး မူဟာမက်မာရပ်ဗ်၏နေရာတွင် မာဒီရန်တိုအား အစားထိုးခန့်အပ်လိုက်သည်။

ခန့်အပ်ရန်ဆုံးဖြတ်-

သမ္မတသည် ဂျာဗားအလယ်ပိုင်း ပြည်နယ်အုပ်ချုပ်ရေးမှူး မာဒီရန်တိုအား ပြည်ထဲရေးဝန်ကြီးအဖြစ် ခန့်အပ်ရန် ဆုံးဖြတ်ခဲ့ကြောင်း၊ ခန့်အပ်ပွဲကို ဩဂုတ် ၂၉ ရက်တွင် ကျင်းပခဲ့ကြောင်း ကြေညာခဲ့သည်။

မာဒီရန်တိုသည် ဆူဆီလိုအစိုးရအဖွဲ့၏ ကျန်ရှိသည့် ခုစနစ်ခန့်သော သက်တမ်းအတွက် တာဝန်ထမ်းဆောင်ရမည်ဖြစ်သည်။

အမ်အင်နဲ့အေ၊ဆင်ဟွာ

ကန့်ဒ် မဏ္ဍဆီကိုအလုပ်သမားများအား ဖိနှိပ်မှု ကန့်ကွက်ကြောင်း မဏ္ဍဆီကိုသမ္မတ ပြောကြား

မဏ္ဍဆီကိုစီးတီး စက်တင်ဘာ ၆

အမေရိကန်နိုင်ငံသည် ၎င်းတို့နိုင်ငံသို့ တရားမဝင်လာရောက်အလုပ်လုပ်ကိုင်ကြသည့် မဏ္ဍဆီကို အလုပ်သမားများကို ပိုမိုဖိနှိပ်လာကြောင်း မဏ္ဍဆီကိုသမ္မတ ဖီလစ်ကာလဲဒရွန်က စက်တင်ဘာ၂ရက်၌ စွပ်စွဲပြောကြားလိုက်သည်။

စည်းကမ်းတင်းကျပ်

၂၀၀၆ခုနှစ်တွင် ခိုးဝင်လာသူအများအပြားကို နှင်ထုတ်ပြီးနောက် အမေရိကန်သမ္မတဘုရို့၏ အစိုးရသည် တရားမဝင် အလုပ်သမားများကို အလုပ်ခန့်ထားသည့် အမေရိကန်လုပ်ငန်းရှင်များအား ပိုမိုစည်းကမ်းတင်းကျပ်ကာ အဆမတန် ဒဏ်ငွေများ တပ်ခဲ့သည်။

မဏ္ဍဆီကိုအလုပ်သမားများအပေါ် အမေရိကန်အစိုးရ၏ တစ်ဖက်သတ်ဖိနှိပ်မှုကို ကန့်ကွက်ကြောင်း မဏ္ဍဆီကိုသမ္မတက ပြောကြားလိုက်သည်။ **အမ်အင်နဲ့အေ၊ရိုက်တာ**

ထိုင်းနိုင်ငံတောင်ပိုင်း၌ လူငယ်တစ်ဦးပစ်သတ်ခံရ

ဗန်ကောက် စက်တင်ဘာ ၆

ထိုင်းနိုင်ငံတောင်ပိုင်း ပတ္တနီ ပြည်နယ်တွင် စက်တင်ဘာ ၁ရက်က လူငယ်တစ်ဦးကို အကြမ်းဖက်တိုက်ခိုက်ရေးသမားတို့က ပစ်သတ်လိုက်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြပါရှိသည်။

ပစ်သတ်ခဲ့-

အဆိုပါလူငယ်မှာ ပတ္တနီပြည်နယ် မောင်းခရိုင်မှ ယာလာပြည်နယ်သို့ သွားလာနေသူအတူ မော်တော်ဆိုင်ကယ်ဖြင့်သွားစဉ် အကြမ်းဖက်တိုက်ခိုက်ရေးသမားတို့က ပစ်သတ်ခဲ့ခြင်းဖြစ်သည်။ ပစ်ခတ်မှုတွင် အခြားသူများ ထိခိုက်ဒဏ်ရာရခြင်းမရှိဟု သိရသည်။

အမ်အင်နဲ့အေ၊ဆင်ဟွာ

ပျောက်ဆုံးသူ အဓိရတ်ပြည်သူ ထောင်ပေါင်းများစွာ မည်သူမည်ဝါမသိဘဲ မြှုပ်နှံသင်္ဂြိုဟ်ခံရကြောင်း အိုင်စီအာရ်စီကြေညာ

ဂျီနီဗာ စက်တင်ဘာ ၆

၂၀၀၃ခုနှစ်ကတည်းက အီရတ်နိုင်ငံ၌ ၎င်းတို့၏မိသားစုများက မည်သူမည်ဝါဖြစ်ကြောင်း အတည်ပြုချက်မရှိဘဲ ထောင်ပေါင်းများစွာသော အီရတ်ပြည်သူတို့၏ အလောင်းများကို မြှုပ်နှံခဲ့သည်ဟု နိုင်ငံတကာ ကြက်ခြေနီကော်မတီ(အိုင်စီအာရ်စီ)က စက်တင်ဘာ ၂ ရက်တွင် ကြေညာသည်။

၁၉၈၀မှ ၁၉၈၃ခုနှစ်အတွင်း ဖြစ်ပွားခဲ့သည့် အီရန်-အီရတ် စစ်ပွဲကာစတင်သည့် ပဋိပက္ခအဖုံဖုံအတွင်း ပျောက်ဆုံးနေသည့် အီရတ်ပြည်သူ ၃၇၅၀၀၀မှတစ်သန်းအထိရှိမည်ဟု အီရတ်ပြည်သူ့ သတင်းရပ်ကွက်မှ ပြောပြချက်များကို ကိုးကားလျက် နိုင်ငံတကာ ကြက်ခြေနီကော်မတီက ခန့်မှန်းထားသည်။

အဓိရင်ခံစာ၌မော်ပြ

ပျောက်ဆုံးသွားသူများမှာ ဖမ်းဆီးခံရခြင်း၊ ပြန်ပေးဆွဲခံရခြင်းတို့ကြောင့် တွေ့ရာနေရာ၌ သတ်ပစ်မြှုပ်နှံခံရခြင်း ဖြစ်ကောင်း ဖြစ်မည်။ သို့မဟုတ် အသည်းအသန်ဖြစ်၍ ဆေးရုံသို့တင်ရကောင်း တင်ရမည့် အခြေအနေတွင် အသတ်ခံရခြင်းဖြစ်ကြောင်း၊ အိုင်စီအာရ်စီ အဓိရင်ခံစာ၌ ဖော်ပြထားကြောင်း ရိုက်တာက ဖော်ပြသည်။

ပျောက်ဆုံးသူများစာရင်းမရှိ

အီရတ်၌ ပြည်သူများ နေ့စဉ် ပျောက်ဆုံးမှုရှိသော်လည်း အဓိကာန်ဦးဆောင်သည့်တပ်များ အီရတ်ကို ကျူးကျော်သည့် လွန်ခဲ့သော လေးနှစ်ကစ၍ ပျောက်ဆုံးသူများ စာရင်းမထားရှိကြောင်း အိုင်စီအာရ်စီညွှန်ကြားရေးမှူး ကရောင်ဘူးက ပြောကြားသည်။

အမ်အင်နဲ့အေ၊ရိုက်တာ

အူရောင်နန်းများရောဂါ ဖြိတ်နှိမ်ရေး ပြန်လည်ခေါင်းထောင်လာ

လန်ဒန် စက်တင်ဘာ ၆

ကာကွယ်ဆေးထိုးနှံခြင်းမပြုဘဲ တိုင်းတစ်ပါးသို့သွားရောက်အပန်းဖြေအနာယူကြသူများကြောင့် တိုက်ဖွိုက်(ခေါ်)အူရောင်နန်းများရောဂါကဲ့သို့သော အန္တရာယ်များသည့် ရောဂါများ ပိုမိုအဖြစ်များလာကြောင်း ဆရာဝန်များက သတိပေးလိုက်သည်။

မီးလောင်ရာလေပင့်

ထိုအထဲတွင် လေယာဉ်လက်မှတ်များ ဈေးနှုန်းချိုသာမှုက ထိုပြဿနာကို မီးလောင်ရာလေပင့်သကဲ့သို့ ရှိကြောင်း ဆရာဝန်များက ပြောကြားသည်။

မကြာသေးမီ နှစ်များအတွင်းတွင် ဖြိတ်နှိမ်ခဲ့ တိုက်ဖွိုက်ရောဂါ ဖြစ်ပွားသူဦးရေမှာ ၆၉ရာခိုင်နှုန်း တိုးတက်လာသည်။ အများအားဖြင့် ပြည်ပနိုင်ငံများမှ ကူးစက်လာခြင်း ဖြစ်သည်။

တိုင်ပင်သင့်

တိုက်ဖွိုက်ကြောင့် ကမ္ဘာတစ်ဝန်းတွင် နှစ်စဉ် လူ ၆၀၀၀၀၀ သေဆုံးခဲ့သည်။ ၂၀၀၂ခုနှစ်က အင်္ဂလန်နှင့် ဝေလန်ယ်တွင် တိုက်ဖွိုက်ဖြစ်သူ ၁၄၇ဦး ရှိခဲ့ရာမှ ၂၀၀၆ခုနှစ်တွင် ၂၄၈ဦးအထိ တိုးလာသည်။ ပြည်ပ အပန်းဖြေခရီး မထွက်မီ ကျန်းမာရေးနှင့်စပ်လျဉ်း၍ ကျွမ်းကျင်သူတို့နှင့် တိုင်ပင်သင့်သည်ဟုဆိုသည်။

(အင်တာနက်)



အပြုံရောင်ခြည်သံ

ကျော်ဒန်နိုင်ငံ အမှန်ဖြို့ရှိ တိရစ္ဆာန်ဥယျာဉ်တွင် မွေးဖွားလာသည့် အဖြူရောင် ခြင်္သေ့ပေါက်ငါးကောင်အား စက်တင်ဘာ ၄ ရက်က တွေ့ရစဉ်။

(အာဖရိက ခြင်္သေ့မျိုးနွယ်ဝင် ဖြစ်သည့် ခြင်္သေ့ဖြူများမှာ မျိုးသုဉ်း ပျောက်ကွယ်တော့မည့် အန္တရာယ်နှင့်ကြုံတွေ့နေရကြောင်း သိရသည်။) **(အင်တာနက်)**

မြန်မာ့အလင်း လှုပ်လှုပ်ရှားရှား မြန်မာ့အားကစား

ရန်ကုန် စက်တင်ဘာ ၆ ကိုထွေး-စုစည်းတင်ပြသည်

အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲဝင် အသင်းများအား ကြိုဆိုဂုဏ်ပြု

၂၀၀၇ ခုနှစ် တတိယအကြိမ် အာဆီယံ အမျိုးသမီး ဘောလုံးပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်ကြသည့် အသင်းများအား ကြိုဆိုဂုဏ်ပြုသည့် ညစာစားပွဲအခမ်း အနားကို စက်တင်ဘာ ၅ ရက် ည ၇ နာရီ က ရန်ကုန်မြို့ ဆူးလေဘုရားလမ်း၌ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အိုလံပစ် ကော်မတီ ဒုတိယဥက္ကဋ္ဌ ရန်ကုန်မြို့ တော်ဝန် မိုလ်မူးချုပ်အေဝဲသိန်းလင်း နှင့် အာရှဘောလုံးအဖွဲ့ချုပ်မှ ပြိုင်ပွဲ ကျင်းပရေးတာဝန်ခံ Dato Yap Nyim Keong တို့က နှုတ်ခွန်းဆက် စကား ပြောကြားကြသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်း ကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးက ပြိုင်ပွဲ ဝင် အမျိုးသမီးဘောလုံးအသင်းများမှ အုပ်ချုပ်ရေးမှူးများအား အမှတ်တရ လက်ဆောင်များ ပေးအပ်သည်။

အာဆီယံအမျိုးသမီး ဘောလုံးပြိုင်ပွဲ ဒုတိယနေရာ ရရှိခဲ့သော ထိုင်းအသင်းမှ ကစားသမားများ ပွဲစဉ်ကြားချိန်တွင် ပြုံးရွှင်နေကြစဉ်

အာဆီယံအမျိုးသမီး ဘောလုံးပြိုင်ပွဲ ခုပ်စု(က) ပွဲစဉ်များ ယနေ့ ယှဉ်ပြိုင်မည်

၂၀၀၇ ခုနှစ် တတိယအကြိမ် အာဆီယံ အမျိုးသမီး ဘောလုံးပြိုင်ပွဲ အုပ်စု(က) ပွဲစဉ်များကို စက်တင်ဘာ ၇ ရက် (ယနေ့)တွင် ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ဘောလုံးကွင်း၌ စတင်ကစားပြီးနောက် ဒုတိယနေရာ ရရှိခဲ့သော ထိုင်းအသင်းမှ ကစားသမားများမှ အုပ်ချုပ်ရေးမှူးများအား အမှတ်တရ လက်ဆောင်များ ပေးအပ်သည်။

ဘောလုံးအသင်းများ ပါဝင်ယှဉ်ပြိုင်ကြသည့် ညစာစားပွဲအခမ်းအနားကို စက်တင်ဘာ ၅ ရက် ည ၇ နာရီခွဲတွင် မလေးရှားအသင်းနှင့် အင်ဒိုနီးရှားအသင်း၊ ဒုတိယပွဲစဉ်အဖြစ် ညနေ ၅ နာရီခွဲတွင် ဗီယက်နမ်အသင်းနှင့် မိလစ်ပိုင်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အာဆီယံအမျိုးသမီး ဘောလုံးပြိုင်ပွဲ၌ ခိုင်လှကြီး ၁၃ ဦး တာဝန်ယူဆောင်ရွက်

မြန်မာနိုင်ငံ ရန်ကုန်မြို့၌ စက်တင်ဘာ ၆ ရက်မှ ၁၅ ရက်အထိ ကျင်းပ လျက်ရှိသည့် ၂၀၀၇ ခုနှစ် တတိယအကြိမ် အာဆီယံ အမျိုးသမီးဘောလုံး ပြိုင်ပွဲ၌ ခိုင်လှကြီး ၁၃ ဦး တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

အဆိုပါခိုင်လှကြီးများအနက် မြန်မာနိုင်ငံမှ အမျိုးသမီး ခိုင်လှကြီး လေးဦးပါဝင်ကြရာ ကွင်းလယ်ခိုင် ဒေါ်စန်းစန်းမြင့်၊ စည်းကြပ်ခိုင် ဒေါ်ကေဘဂျာ၊ ဒေါ်တင်တင်ညွှန့် ဒေါ်အေးအေးမူတို့ ဖြစ်ကြသည်။

အမျိုးသမီးဘောလုံး ခိုင်လှကြီးများအနက် ပြည်ပမှ လာရောက်တာဝန် ထမ်းဆောင်ကြသည့် ခိုင်လှကြီးများမှာ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ သုံးဦး၊ မလေးရှား၊ အိန္ဒိယနှင့် နီပေါနိုင်ငံတို့မှ တစ်ဦးစီပါဝင်ကြသည်။

ကြည့်ရှုအားပေး

အာဆီယံအမျိုးသမီး ဘောလုံးပြိုင်ပွဲအား ပရိသတ်များ စိတ်ဝင်တစား ကြည့်ရှုအားပေးကြစဉ်။ (မြန်မာ့အလင်း)

အာရှ(ယူ-၂၀) ခြေစစ်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာ ဘောလုံးအသင်း စခန်းဝင်လေ့ကျင့်

အာရှဘောလုံးအဖွဲ့ချုပ် (AFC)က ကြီးမှူးကျင်းပသည့် အသက်(၂၀)အောက် အာရှ လူငယ်ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲစဉ်၌ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် ပထာမ အသက်(၂၀)အောက် မြန်မာလူငယ် ဘောလုံးအသင်းကို အားကစားသမား ၂၈ဦးဖြင့် ရွေးချယ်ဖွဲ့စည်းပြီး စခန်းသွင်းလေ့ကျင့်မှုများ ပြုလုပ်လျက်ရှိသည်။

မြန်မာ(ယူ-၂၀) ဘောလုံးအသင်းကို နည်းပြချုပ်အဖြစ် ဦးဆန်းဝင်း(ဆောက်လုပ်ရေး)၊ လက်ထောက်နည်းပြ အဖြစ် ဦးစိုးမိုး(စီးပွားရေး)၊ ဂိုးနည်းပြအဖြစ် ဦးစိုင်းမောင်မောင်ဦး (ရထားပို့ဆောင်ရေး)တို့က တာဝန်ယူ ဆောင်ရွက်ကြသည်။

ပါဝင်

ပထာမ မြန်မာ(ယူ-၂၀) လက်ရွေးစင်ဘောလုံးသမားများအဖြစ် (ဂိုး) **ဟိန်းကျော်သူ၊ နေလွိုင်၊ ဇန်လားဟရွယ်၊** (ခုခံ) **ဇော်ဝင်းထွန်း၊ ဇော်ဝင်းဦး(ဂျ)၊** (နေရာတန်း) **နေအောင်၊ မင်းကိုကို၊ နိုင်ဝင်းထွန်း၊ စောနိုင်ထွန်း၊ သန်းထွန်းအောင်၊ သိုင်းထွန်းဇော်၊ လင်းလင်းထွေး၊** (ပြည့်ဖြိုးကိုကို၊ (အလယ်တန်း) **မြင့်နိုင်၊ တင်ဝင်းအောင်၊ ဇော်လင်း၊ ဒေးဗစ်ဒန်း၊ ဝေလင်း၊ ကိုကိုမောင်၊ ရန်မျိုးအောင်၊ သီဟဇော်၊ အေးမိုး၊ ချစ်ကိုကိုထွေး၊** (ရှေ့တန်း) **ကျော်ကျော်နိုင်၊ အောင်ကျော်မိုး၊ ပြည့်ဖြိုးဦး(ဘ)၊ ဇင်မျိုးအောင်၊ တင်အောင်မိုး၊ ရန်အောင်ဝင်းတို့ ပါဝင်ကြသည်။**

အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲ ခုတင်ယှဉ်ပြိုင် မြန်မာအသင်းက ခင်ကာပူကို သုံးဂိုးပြတ်အနိုင်ရရှိ

၂၀၀၇ ခုနှစ် တတိယအကြိမ် အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့ညနေ ၄ နာရီက ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ဘောလုံးကွင်း၌ စတင်ကျင်းပရာ မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းက စင်ကာပူလက်ရွေးစင် အမျိုးသမီး ဘောလုံးအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိ သွားသည်။

ပွဲစတင်မီကပင် မိုးသည်းထန်စွာရွာသွန်းနေခဲ့ရာ မိုးထဲရေထဲ၌ နှစ်သင်းလုံး ခက်ခက်ခဲခဲ ယှဉ်ပြိုင်ကစားခဲ့ ရသည်။ မြန်မာအသင်းသည် ပထမပိုင်း၌ သွင်းယူသော သုံးဂိုးဖြင့်ပင် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

သွင်းယူပေး

မြန်မာအသင်းအတွက် ပထမဂိုးကို ပွဲချိန် ၁၅ မိနစ်တွင် အလယ်တန်းလူ အေးနန္ဒာလွင်က သွင်းယူပေးသည်။ ဒုတိယဂိုးနှင့် တတိယဂိုးကို ၃၂ မိနစ်နှင့် မိနစ် ၄၀ တို့တွင် တိုက်စစ်မှူး ဇင်မာဝမ်းက သွင်းယူပေးသည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီး ဘောလုံးအသင်းသည် စက်တင်ဘာ ၈ ရက်တွင် ဒုတိယပွဲစဉ်အဖြစ် လာအို လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ဒုတိယပွဲစဉ်အဖြစ် ထိုင်းအမျိုးသမီး ဘောလုံးအသင်းနှင့် လာအို အမျိုးသမီး ဘောလုံးအသင်းတို့ ယှဉ်ပြိုင် ကစားကြရာ ထိုင်းအမျိုးသမီး ဘောလုံးအသင်းက ၁၃ ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

- **မက္ကဆီကိုနိုင်ငံအနောက်ပိုင်း ဆိုနိုရာပြည်နယ်သို့ စက်တင်ဘာ ၆ ရက်က အင်အားပြင်းထန်သော မုန်တိုင်းတစ်ခု ဝင်ရောက်တိုက်ခတ်ခဲ့ရာ ကိုးဦးသေဆုံးပြီး အများအပြားပျောက်ဆုံးလျက်ရှိကြောင်း၊ မိုးသည်းထန်စွာ ရွာသွန်း ခဲ့သဖြင့် ရေလွှမ်းမှုနှင့် မြေပြိုမှုများလည်းဖြစ်ပွားခဲ့ကြောင်း အင်တာနက်သတင်းဌာန ဖော်ပြသည်။**
- နီပေါနိုင်ငံအနောက်ပိုင်း ရာပတီဖြစ်အတွင်း စက်တင်ဘာ ၅ ရက်က ခရီးသည် ၄၂ဦး တင်ဆောင်လာသော စက်လှေကြီးတစ်စင်း မောင်တဆာဖြစ်ရပ်ကြောင့် နှစ်မြုပ်ခဲ့ရာ ၁၃ ဦးသေဆုံးပြီး ၂၅ဦး ပျောက်ဆုံးလျက် ရှိကြောင်း နီပေါမီဒီယာများက ဖော်ပြသည်။
- **အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တွင် အပူလှိုင်းကျရောက်မှုကြောင့် စက်တင်ဘာ ၆ ရက်အထိ ၂၅ဦးသေဆုံးသွားကြောင်း၊ အပူဓါတ်မှာ ၄၀ ဒီဂရီဆဲလ်စီးရပ်စ်ကျော်ရှိနေကြောင်း အင်တာနက်သတင်းဌာန ဖော်ပြသည်။**
- ကမ္ဘာ့ကျော် လူစွန့်စား စတီဖော့ခ်ဆက်သည် အမေရိကန်နိုင်ငံရှိ ပုဂ္ဂလိကလေယာဉ်ကွင်းတစ်ခုမှနေ၍ အင်ဂျင် တစ်လုံးတပ် အပေါ်စားလေယာဉ်ဖြင့် စက်တင်ဘာ ၃ ရက်မှ စတင်ပျံသန်းကာ အမြင့်ဆုံးနှင့် ခရီးအဝေးဆုံး ရောက်ရှိစွမ်းဆောင်နိုင်ရန် ကြိုးစားခဲ့ရာ ၎င်းနေ့မှာပင် အဆက်အသွယ်ပြတ်ဆောက်ခဲ့သဖြင့် ရှာဖွေရေးလေယာဉ် များ၊ ရာဇတ်သာဉ်များဖြင့် လိုက်လံရှာဖွေခဲ့ရာ စက်တင်ဘာ ၆ ရက်အထိ ရှာမတွေ့ကြောင်း၊ ဆက်လက် ရှာဖွေမှုများဖြုတ်လိုသွားမည်ဖြစ်ကြောင်း သိရသည်။
- **တရုတ်နိုင်ငံ ဟီနန်ပြည်နယ် ကျန်ကျိုမြို့လယ်ရှိ တည်ဆောက်ရေးလုပ်ငန်းခွင်တစ်ခုတွင် စက်တင်ဘာ ၆ ရက်က ငြိမ်းပြိုကျမှုဖြစ်ပွားခဲ့ရာ အလုပ်သမား၃၈ဦးသေဆုံးပြီး ၂၁ဦး ဒဏ်ရာရရှိခဲ့ကြောင်း တရုတ် မီဒီယာများက ဖော်ပြသည်။**
- စပိန်နိုင်ငံတောင်ပိုင်း ကာဒစ်ဓါတ်လယ်ကွေ့တွင် စက်တင်ဘာ ၅ ရက်က စပိန် ငါးဖမ်းသင်္ဘောတစ်စင်း မုန်တိုင်းမိုးပြီး နစ်မြုပ်ခဲ့ရာ သင်္ဘောသားသုံးဦး သေဆုံးပြီး ငါးဦးမျောက်ဆုံးလျက်ရှိကြောင်း အင်တာနက် သတင်း၌ ဖော်ပြသည်။
- **ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် စက်တင်ဘာ ၅ ရက် နံနက်ပိုင်းက နိုင်ငံခြားဧည့်သွားများ တည်းခိုသော ဟိုတယ်တစ်ခု မီးလောင်မှုဖြစ်ပွားရာ နိုင်ငံခြားဧည့်သည် ၁၂ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ မီးစတင်လောင်ကျွမ်း မှုမှာ မြေညီထပ်မှဖြစ်ကြောင်း၊ သုံးနာရီကျော်ကြာ မီးလောင်မှုဖြစ်ပွားပြီး ဟိုတယ်မှာ ဆိုးရွားစွာပျက်စီးခဲ့ကြောင်း အင်တာနက်သတင်းဌာန ဖော်ပြသည်။**
- အာကာသတွင် လွှင်မျောနေသော ဥက္ကာခဲတစ်ခုကို ချက် အာကာသ သုတေသနယာဉ်ကူရင်များက စက်တင်ဘာ ၅ ရက်၌ တွေ့ရှိခဲ့ကြရာ အဆိုပါဥက္ကာခဲသည် လွန်ခဲ့သော နှစ်သန်း ၁၆၀ခန့်က လင်ကြိပ်၊ အင်ကြိပ် နှင့် သောကြာကြိပ်တစ်ခုခုအား အလွန်ကြီးမားသောဥက္ကာခဲကြီး တစ်ခုဝင်တိုက်ခဲ့ရာမှ ပဲ့ထွက်လာသော ဥက္ကာခဲတစ်ခုဖြစ်ကြောင်း၊ ၎င်းတို့က ပြောကြားသည်။ **(ယာဝဲ) (အင်တာနက်)**

မြန်မာ့ရုပ်ပြင်သံကြား

၇-၉-၂၀၀၇ ရက် (သောကြာနေ့)
နံနက်ပိုင်း

၆း၀၀ ။။ အာဘေဆွေဂွမဟာသဒ္ဓမ္မ ဇောတိက ဟောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသောရ၏ ပရိတ်တရားတော်

၇း၂၅ ။။ ကျန်းမာဖွံ့အထူးစီမံ

၇း၃၀ ။။ နံနက်ခင်းသတင်း

၇း၄၀ ၈။ သံသာချိုးဆေး ဓင်္ကာတော

၇း၅၅ ၉။ လှပ်ရှားပုံပြင် စိတ်ပျက်ရွှင်

၈း၁၀ ၆။ အတ်ပြိုင်ပွဲ

၈း၁၅ ။။ ကြေးမုံရိပ်သွင် ထားနယဉ်

၈း၃၀ ၈။ International News

၈း၄၅ ၉။ English for Everday Use

ညပိုင်း

၁၆း၀၀ ။။ စစ်ရိုးတား၊ စစ်သည်တား

၁၆း၁၅ ။။ မျိုးချစ်စိတ်တတ် ရှင်သန်ထက်မြက်ရေးတေးများ

၁၆း၃၀ ။။ Practice in Reading

၁၆း၄၅ ။။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(သိန္ဓာအထူး)(သိန္ဓာ)

၁၇း၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ

၁၇း၁၅ ၆။ မြန်မာစာ၊ မြန်မာစကား

၁၇း၂၅ ။။ နေ့ခင်းဇော်တေးပေဒသာ

၁၇း၃၅ ၈။ **လက်တွေ့ပြုစုလို့** ဖြိုးရွေး၊ မြတ်ကောသီဆောင် (ဒါရိုက်တာ-ကြည်နိုး)

၁၇း၄၅ ၉။ ၂၀၀၇ ခုနှစ် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာပဋိဂ္ဂါးမှ အဆို၊ အကအရေး၊ အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ကာလပေါ်တေးနှင့် ခေတ်ဟောင်းတေး) (အခြေခံပညာ ၁၀-၁၅ နှစ်) (အမျိုးသား)

၁၈း၀၀ ၁၀။ ညနေခင်းသတင်း

၁၈း၃၀ ၁၁။ မိုးလေဝသအခြေအနေ

၁၈း၃၅ ။။ သုတစုံလင်ရွှေဘုတ်ရှင်

၁၉း၀၀ ၁၃။ ဆောင်းပါးရင်းကျော်ရဲမင်း၏ **"အမေရိကန်၊ ဒြိတိန်တို့၏ မြန်မာနိုင်ငံရေး၌ ဝင်ရောက် ဖန်တုံယှက်ခွက်မှုများ(၁)"**

၁၉း၁၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရောသူမလေး၊ တာတိယချစ်ပုံပြင်** (အပိုင်း-၁)

၂၀း၀၀ ၁၅။ ပြည်တွင်းသတင်း

၁၆။ နိုင်ငံတကာသတင်းများ

၁၇။ မိုးလေဝသအခြေအနေ

၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်စိတ်ကူးလေး တဝဲလည်လည်** (အပိုင်း-၁၄)

မဟာသရဏာဝုံတောင်ကြီး သင်တန်းဖွင့်ပွဲ

ရန်ကုန် စက်တင်ဘာ ၆

ဗဟန်းမြို့နယ် အာဇာနည်လမ်း ရွှေတိဂုံစေတီတော် အလယ်ပစ္စယာ အရှေ့ဘက်မုခ်အနီး ရှင်သာမဏေဓမ္မဝိဇ္ဇာစရိယတွင် စက်တင်ဘာ ၈ ရက်မှစ၍ အပတ်စဉ် (စနေ၊ တနင်္ဂနွေ)နေ့တိုင်း မွန်းလွဲ ၁ နာရီခွဲမှ ၂ နာရီခွဲအထိ မဟာသရဏာဝုံတော်ကြီး သင်တန်းကို ဆရာဦးတင်ဝင်းက ဓမ္မဒါနပို့ချပေးမည် ဖြစ်သည်။ မဟာသရဏာဝုံတော်ကြီး စာပေပွဲဝင်ဆိုလိုသူများနှင့်လေ့လာပူဇော်လိုသူများအတွက် ရည်ရွယ်၍ ဖွင့်လှစ်သည်ဖြစ်ရာ သင်တန်းတက်ရောက်လိုသူများသည် ရုံးသာမဏေဓမ္မဗိမာန်ဖုန်း-၃၈၇၃၆၁ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ကမ္ဘာတစ်လွှား အားကစား ကမ္ဘာတစ်လွှား အားကစား ကမ္ဘာတစ်လွှား အားကစား

အင်္ဂလန်အသင်း၊ မက်ကလာရင်နှင့် ယူရိုခြေစစ်ပွဲ

လန်ဒန် စက်တင်ဘာ ၆

ကမ္ဘာ့ဘောလုံးပရိသတ်တွေ စိတ်ဝင်စားနေတဲ့ ယူရိုခြေစစ်ပွဲတွေ စက်တင်ဘာ ရက်မှာ ပြန်လည်ကစားပါတော့မယ်။ နိုင်ငံကိုယ်စားပြု အသင်းတွေဟာ ယူရိုခြေစစ်ပွဲအောင်ဖို့အတွက် အကြိတ်အနယ်ရန်းကန် ကြိုးစားကြရမယ့် အနေအထား ရောက်နေပြီ ဖြစ်ပါတယ်။ ဒီအသင်းတွေထဲမှာမှ ကမ္ဘာ့ဘောလုံးပရိသတ်တွေ အားပေးမှုများတဲ့ အင်္ဂလန်အသင်းဟာ ယူရိုခြေစစ်ပွဲ အောင်ဖို့အတွက် ခက်ခဲကြမ်းတမ်းစွာ ဖြတ်သန်းရမယ့် အခြေအနေရောက်ရှိနေပါတယ်။

ခက်ခဲကြမ်းတမ်းစွာ ဖြတ်သန်းရမယ့် အခြေအနေရောက်ရှိနေသော အင်္ဂလန်အသင်းမန်နေဂျာ မက်ကလာရင်။
(ဓာတ်ပုံ-အင်တာနက်)

အင်္ဂလန်အသင်းဟာ လက်ရှိ အနေအထားအရ အုပ်စု(၈)မှာ စတင့်ထွေနေရာရောက်ရှိနေပြီး ခရိုအေးရား၊ အစ္စရေးနဲ့ ရုရှားတို့ရဲ့ နောက်မှာ ရောက်ရှိနေတာမို့ ရေကုန်ရေခန်းခွဲမှ ရမယ့် အနေအထားဖြစ်နေပါတယ်။ အင်္ဂလန်အသင်းဟာ စက်တင်ဘာ ရက်မှာ အစ္စရေးအသင်းနဲ့ ကစားရမှာဖြစ်တာမို့ စည်းကမ်းကောင်းပြီး အသင်းလိုက် ကစားအားကောင်းတဲ့ အစ္စရေးကို အင်္ဂလန်အသင်း အနိုင်ရရှိအောင် နည်းပြ မက်ကလာရင် ဘယ်လိုနည်းဗျူဟာနဲ့ စွမ်းဆောင်မလဲဆိုတာ အင်္ဂလန်အသင်း ပရိသတ်တွေ စောင့်မျှော်နေကြပါပြီ။

ခြေစွမ်းမပြနိုင်

အင်္ဂလန်အသင်းဟာ ယူရိုခြေစစ်ပွဲအောင်ဖို့အတွက် အုပ်စု(၈)မှာ အခု ကစားမယ့် အစ္စရေးနဲ့ပွဲရော၊ ရုရှားနဲ့ ပွဲပါ အနိုင်ကစားမှ ရပါလိမ့်မယ်။ အင်္ဂလန် အသင်းဟာ ကမ္ဘာ့ကျော်ဘောလုံးသမားတွေကို ပိုင်ဆိုင်ထားပြီး ခြေစွမ်းလည်း ထက်မြက်တဲ့ ပါရမီရှင် တွေအများကြီးရှိနေမယ်ဆို တကယ် ပြိုင်ပွဲတွေမှာ ခြေစွမ်းမပြနိုင်သလို ရလဒ်လည်းကောင်းအောင် မကစား နိုင်တာကြောင့်ပဲမိသတ်တွေကိုမိတ်ပျက် စရာဖြစ်စေခဲ့တာတော့ အမှန်ပါပဲ။

မယုံနိုင်

ယခု ယူရိုခြေစစ်ပွဲမှာ အင်္ဂလန် အသင်းပါဝင်တဲ့ အုပ်စု(၈)မှာ ခရိုအေးရားလို အသင်းကသာ အင်္ဂလန်ကို ခြေရည်တူကစားနိုင်မေမယ့် ကျန်တဲ့ အစ္စရေး၊ ရုရှား၊ မက်ဆီဒိုးနီးယား၊ အက်စတိုနီးယားနဲ့အင်္ဂိရာလှိအသင်း တွေဟာ အင်္ဂလန်နဲ့ ဘယ်လိုမှ ခြေစွမ်း မယုဉ်နိုင်ပါဘူး။ ဒါပေမယ့် အစ္စရေးနဲ့ ရုရှားတို့ကိုတော့ အင်္ဂလန်အသင်း သတိထားကစားမှ ရပါလိမ့်မယ်။

ဖြေရှင်းရ

အခု အစ္စရေးနဲ့ ကစားမယ့် အင်္ဂလန်အသင်းမှာရွန်နေဂယ်ရိနဒီးလ်၊ လမ်းပတ်၊ တယ်ရီ ဘက်ခမ်းနဲ့ ဂျရတ် တို့ ဒဏ်ရာကြောင့်ဝင်ကစားနိုင်ဖို့မသေချာပါဘူး။တယ်ရီကတော့ အင်္ဂလန် အသင်း အခြေအနေ အရမ်းဆိုးရွား နေရင်တော့ အဆိုးရိုးပိုင်း ဝင်ကစားပေးနိုင်ပါလိမ့်မယ်။ ဒါပေမယ့်ဘယ်လိုပဲ ဝင်ကစားပေမယ့် ကြွခိုင်မှု မရှိတာမို့ ဒီအခက်အခဲတွေ အတွက် မက်ကလာရင် ဖြေရှင်းရပါလိမ့်မယ်။

ကံကောင်း

အင်္ဂလန်အသင်း ကံကောင်းတဲ့ အချက်ကတော့ ဒီပွဲဟာ အင်္ဂလန်မှာ ကစားရတဲ့ ပွဲဖြစ်နေတာပဲ။ အင်္ဂလန် ဟာ အစ္စရေးကို အိမ်ကွင်းမှာနိုင်အောင် တော့ ကစားပါလိမ့်မယ်။

ပိုးအများဆုံး

အစ္စရေးအသင်းဟာ အုပ်စု (၈) မှာတော့ တိုက်စစ်အားကောင်းတဲ့ အသင်းပါပဲ။ လက်ရှိခြေစစ်ပွဲ ရှစ်ပွဲ ကစားပြီးချိန်မှာ၁၇ပိုးသွင်းယူထားပြီး အုပ်စု(၈)ရဲ့ ပိုးအများဆုံး သွင်းထား

ကိုးကားတင်ပြသူ ဟောင်ဟောင်ပြင်းဆွေ

နိုင်တဲ့ အသင်းလည်းဖြစ်နေပါတယ်။

အခွင့်အရေး

အစ္စရေးအသင်းဟာ ရှေ့လယ် နောက်ညီညွတ်ပြီး အချိတ်အဆက်မိမိ ကစား နိုင်မေမယ့် ခံစစ်ကြောင်းက မလုံပါဘူး။ အစ္စရေး ခံစစ်မှူးတွေဟာ တစ်ဖက် အသင်း တိုက်စစ်ကို ဟန့် တားတဲ့အခါအများအယူင်းတွေ ဖြစ်လေ့ ရှိတာမို့ လျင်မြန်တဲ့ အင်္ဂလန်တိုက်စစ်မှူး တွေ အခွင့်အရေး ရသွားနိုင်ပါတယ်။

စီစဉ်

မက်ကလာရင် သတိထားရမှာ တော့ အချိန်ကိုက်လူစားလဲနိုင်ဖို့ပါပဲ။ အင်္ဂလန်အသင်းမှာ နာနေတဲ့ တယ်ရီနဲ့ ဖာဒီနန်တို့က ခံစစ်မှာ အဓိကတာဝန် ယူနိုင်မေမယ့် လိုအပ်ရင်အစားထိုးဖို့ မက်ကလာရင် စီစဉ်ရပါလိမ့်မယ်။

ရောက်ရှိနေ

အစ္စရေး အသင်းဟာ ကစားရ ခက်ခဲတဲ့ အသင်းဖြစ်တာမို့ အင်္ဂလန် အသင်းအနေနဲ့ ခြေကုန်ထုတ်ပြီး ကစား မှ နိုင်ပွဲရနိုင်မှာပါ။ အင်္ဂလန်အသင်း ဟာ လက်ကျန်ပွဲစဉ် ငါးပွဲမှာ တစ်ပွဲမှ ရှုံးလို့မရတော့ပါဘူး။ အနိမ့်ဆုံး ရလဒ် အနေနဲ့ သရေတစ်ပွဲလောက်သာလက်ခံ ရနိုင်တဲ့အဖြစ်မျိုး ရောက်ရှိနေပါတယ်။

သိပ်မမြင်

မက်ကလာရင်ဟာအင်္ဂလန်အသင်း ကို အနုအချိန်အထိ အကောင်းဆုံးလူ အခင်းအကျင်းကို မပြလုပ်နိုင်သေး ပါဘူး။ ထက်မြက်တဲ့ နည်းဗျူဟာတွေ ကိုလည်းထုတ်မသုံးနိုင်သေးတာကြောင့် တကယ်လို့များ အစ္စရေးကို ရှုံးခဲ့မယ် ဆိုရင်တော့ သူ့ရာထူးလည်း တည်မြဲ စရာ သိပ်မမြင်ပါဘူး။

ဖြတ်သန်းမယ်

အင်္ဂလန်အသင်းဟာ ယူရိုခြေစစ်ပွဲ အောင်ဖို့အတွက် ပွဲတိုင်း အနိုင်ကစား ဖြီး တစ်ပွဲမှရှုံးလို့ မရတော့တာမို့ အစ္စရေးကို အနိုင်ကစား၊ လိမ့်မယ်။ မက်ကလာရင်ကတော့အင်္ဂလန်အသင်း ခြေစစ်ပွဲ အောင်မယ်လို့ပြောကြားထား ပါတယ်။ ဒါပေမယ့် ကျန်ပွဲစဉ်တွေ အားလုံး အနိုင်ကစားမှ ရမှာမို့ ဒဏ်ရာ တွေနဲ့ ထွေးလုံးရစ်ပတ်နေတဲ့ အင်္ဂလန် အသင်း အစ္စရေးနှင့်ပွဲမှာ ဘယ်လိုနည်း လမ်းတွေသုံးခဲ့ပြီး ဖြတ်သန်းမယ်ဆိုတာ စိတ်ဝင်စားစရာ ကောင်းနေပါတယ်။

မူတည်နေပြီ

အင်္ဂလန်အသင်းဟာ အိမ်ကွင်း ဆိုပေမယ့် ဂျာမနီအသင်းကို ခြေစစ်းပွဲ ကစားတုန်းက အိမ်ကွင်းမှာ တစ်ဂိုး-နှစ်ဂိုးနဲ့ ရှုံးခဲ့တဲ့အဖြစ်တွေကလည်း ရှိနေတာမို့ အစ္စရေးနဲ့ အခုပွဲ အိမ်ကွင်း မှာအနိုင် ရနိုင်မှုရှိမရှိ မကြာမီမြင်တွေ့ရ ပါတော့မယ်။ အင်္ဂလန်အသင်းယူရို ခြေစစ်ပွဲ အောင်ဖို့ဆိုတာ မက်ကလာ ရင်ပေါ်မှာ မူတည်နေပြီ ဖြစ်ပါကြောင်း။

(ကိုးကား-အင်တာနက်)

စုစည်းတင်ပြသူ မြင့်မောင်စိုး

အင်္ဂလန်တိုက်စစ်မှူး ပီတာခရော့ချ်၏ကစားပုံ နိုင်လူကြီးဟောင်းဂရေဟမ်ပူးလ် ဝေဖန်ပြောကြား

အင်္ဂလန် တိုက်စစ်မှူး ပီတာခရော့ချ်။ (ဓာတ်ပုံ-အင်တာနက်)

လန်ဒန် စက်တင်ဘာ ၆

အင်္ဂလန် တိုက်စစ်မှူး ပီတာခရော့ချ်၏ ကမ္ဘာ့ဖလားတွင် ကစားခဲ့ပုံများကို ကြည့်၍ သတိထားသင့်သူ ဖြစ်ကြောင်း ခိုင်လုကြီးဟောင်း ဂရေဟမ်ပူးလ်က ပြောကြားလိုက်သည်။

အသက် ၂၆နှစ်ရှိ ခရော့ချ်အား ယူရို ၂၀၀၈ ခြေစစ်ပွဲ ကစားမည့် အစ္စရေးနှင့်ပွဲစဉ်တွင် ပိတ်ပင်ထား ခြင်းမှာ အဆန်းတကျယ် မဟုတ်ကြောင်း ပူးလ်က ပြောကြားသည်။

လွဲမည်

ပီတာခရော့ချ်သည် ကမ္ဘာ့ဖလား ကစားခဲ့ရာတွင် ခေါင်းခုန်တိုက်စဉ် တစ်ဖက်ကစားသမားကို တံတောင် ဖြင့် တွက်လေ့ရှိသူဖြစ်ကြောင်း ကမ္ဘာ့ ဖလားအပြီး ဗီဒီယိုမှတ်တမ်းများကို ကိုးကားလျက် ဂရေဟမ်ပူးလ်က ပြောကြားသည်။ ၎င်းသည် ယခုအခါ ပွဲပယ်ခံထားရ၍ စက်တင်ဘာဂရက်တွင် ကစားမည့်ပြိုင်ပွဲနှင့် လွဲမည်ဖြစ်သည်။ အင်္ဂလန်အသင်းတွင် တိုက်စစ်အား လျော့နေသဖြင့် နည်းပြမက်ကလာရင်က ဝီဂန်တိုက်စစ်မှူးဟက်စင်းအား ခေါ်ယူအားဖြည့်ထားသည်။ ၎င်းအား မိုက်ကယ်အိုဝင်နှင့်အတူ တွဖက်ကစားစေမည်ဟုဆိုသည်။

(အင်တာနက်)

ဝက်စ်ဟမ်းတွင် ခြေစွမ်းပြလာသော ဘယ်လာမီ ဝေလအသင်းအတွက် အကောင်းဆုံးပြင်ဆင်ထား

ဝေလ အသင်းအတွက် အသင့်ဖြစ်နေသော တိုက်စစ်မှူး ဘယ်လာမီ။ (ဓာတ်ပုံ-အင်တာနက်)

လန်ဒန် စက်တင်ဘာ ၆

တိုက်စစ်မှူးဘယ်လာမီသည် ရာသီအစ ဝက်စ်ဟမ်း အသင်း၌ ခြေစွမ်းပြ ကစားနေမှုများသည် စက်တင်ဘာ ရက်တွင် ဂျာမနီနှင့် ကစားမည့်ပွဲ အတွက်အသင့်ဖြစ်နေသည်ဟု ယုံကြည် မိကြောင်း ဝေလအသင်းနည်းပြ ပွူန် တိုရှပ်က ပြောကြားသည်။

ဝမ်းမြောက်မိ

အဆိုပါ တိုက်စစ်မှူးသည် ၎င်း၏ အသင်းသစ်အတွက် နှစ်ပွဲပါဝင်ကစား ခဲ့ရာတွင် သုံးဂိုးသွင်းယူစေးနိုင်ခဲ့သည်။ ဝက်စ်ဟမ်း အသင်းတွင် ဘယ်လာမီ ခြေစွမ်းပြဂိုးများ သွင်းယူနိုင်ခဲ့သည်ကိုတွေ့ရ၍ ဝမ်းမြောက်မိကြောင်း၊ ယခုအခါဝေလအသင်းအတွက်လည်း အကောင်းဆုံး ပြင်ဆင်ထားလိမ့်မည်ဟု မျှော်လင့်ကြောင်း ၎င်းနည်းပြက ဆက်လက်ပြောကြားသည်။

သွင်းယူခဲ့

ဘယ်လာမီသည် နွေရာသီက လီဗာပူးအသင်းမှ ဝက်စ်ဟမ်းသို့ ပြောင်းရွှေ့လာသူဖြစ်သည်။ ယမန်နှစ်က လီဗာပူး အသင်း ချန်ပီယံလိဂ် ဗိုလ်လုပွဲသို့ တက်လှမ်းနိုင်ရန် ဘယ်လာမီသည် လီဗာပူးအသင်းအတွက် အဆုံးအဖြတ်ပိုင်းများ သွင်းယူခဲ့သူဖြစ်သည်။

(အင်တာနက်)

ကမ္ဘာ့နုပါတ်နှစ်

ကမ္ဘာ့နုပါတ်နှစ် တင်းနစ် ကစားသမား ရာဖေးလ်နာဒယ်။
(ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာ့နုပါတ်နှစ် ရာဖေးလ်နာဒယ် ယူအော်စ်အဆိုးပင်းမှတွက်ရပြီ

နယူးယောက် စက်တင်ဘာ ၆

ကမ္ဘာ့နုပါတ်နှစ် တင်းနစ်ကစားသမား ရာဖေးလ်နာဒယ်သည် ယူအော်စ်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် စပိန်မှ တစ်နိုင်ငံတည်းသား ဒေးဗစ်ဖာရာအား စတုတ္ထ အကျော့ ပြိုင်ပွဲ၌ ရှုံးနိမ့်ပြီး ပြိုင်ပွဲမှထွက်ခဲ့ရသည်။

ရှုံးနိမ့်

နာဒယ်သည် ပထမပွဲစဉ်တွင် အနိုင်ရသော်လည်း ၇-၆၊ ၄-၆၊ ၆-၇၊ ၂-၆ဖြင့် ရှုံးနိမ့်ခဲ့ရသည်။

ကစားမည်

အသက် ၂၅နှစ်ရှိ ဖာရာသည် ကွာတားဖိုင်နယ်တွင် အာဂျင်တီးနားမှ ချီလာနှင့်ဆက်လက်ကစားမည် ဖြစ်သည်။

(အင်တာနက်)

ရတနာဒီပလမ်းကျောက်ရှာခင်း

ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သစ်အပိုင်း ရတနာဒီပလမ်း ကျောက်ချောင်ခင်းခြင်း လုပ်ငန်းဆောင်ရွက်မှုကို ဩဂုတ် ၂၀ ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်သန်းနှင့် အင်ဂျင်နီယာများ ဦးထွန်းထွန်းစော်တို့ ကွင်းဆင်းကြပ်မတ် ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မတ္တရာမြို့ ဆုတောင်းပြည့် ဆုတောင်းရဘုရား ပုဒ္ဓပူဇနိယပွဲတော်ကျင်းပရေး ညှိနှိုင်းစည်းဝေး

မတ္တရာ ဩဂုတ် ၂၈

ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် တောင်ပြိုးကျေးရွာ ဆုတောင်းပြည့် ဆုတောင်းရ မြတ်စွာဘုရား ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပရေး ဗဟိုကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းဆွေးနွေးအစည်းအဝေးကို ဩဂုတ် ၁၇ ရက် မွန်းလွဲ ၁နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

လုပ်ငန်းစဉ်

ရှေးဦးစွာ တောင်ပြိုးကျေးရွာ ဆုတောင်းပြည့် ဆုတောင်းရ မြတ်စွာဘုရား ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ပွဲတော်ကျင်းပရေး အတွင်းရေးမှူးက ပွဲတော်အတွင်း လုပ်ငန်းကော်မတီ အသီးသီးမှ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

ဆွေးနွေး

ဆက်လက်၍ ပွဲတော်ကျင်းပရေး လုပ်ငန်းကော်မတီနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက လုပ်ငန်းကော်မတီအလိုက် ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြသည်။ ထို့နောက် တောင်ပြိုးကျေးရွာ ဆုတောင်းပြည့်ဆုတောင်းရ မြတ်စွာဘုရား ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဦးမင်းလွင်က လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်ရမည့် လိုအပ်ချက်များကို ဖြည့်ဆည်းဆွေးနွေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မဟာစန္ဒာရုံ ဝိပဿနာ သမုဒ်သိမ်အတွက် ငွေလှူဒါန်း

ရန်ကုန် စက်တင်ဘာ ၆

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးကုတ်ပိုဝဿနာအဖွဲ့ချုပ် အဆောင်မှူး ဆရာတော် ဘဒ္ဒန္တပညာလင်္ကာရ ဦးစီးတည်ထောင်သော ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ကုန်းတလပေါင်ရပ် အမှတ်(၃)လမ်းဆုံ နွယ်ခွေလမ်း မဟာစန္ဒာရုံဝိပဿနာ ဓမ္မရိပ်သာအတွင်း ဆောက်လုပ်မည့် သမုဒ်သိမ်အတွက် ရန်ကုန်တိုင်း ဒဂုံမြို့နယ် ဦးဝိစာရအိမ်ရာ အခန်း(၁)နေ ဗိုလ်မှူးကြီးဗြင့်စိုး(လေးငြိမ်း)–ဒေါ်မေမေစန်း၊ သားကြီး ဘဒ္ဒန္တဥတ္တရ (မဟာမျှောစရိယ) M.A၊ ဒေါ်ကတာမြတ်သူရစိုး၊ ဒေါ်ကတာ မြတ်ဝင်္ဂစိုး၊ ဒေါ်ကတာမြတ်ဉာဏာစိုး မိသားစုတို့က သိမ်အတွက် အလှူငွေကျပ် နှစ်သိန်းကို ဩဂုတ်၁၇ရက်က ဆရာတော်ဘဒ္ဒန္တ ပညာလင်္ကာရ ရှေ့မောက်၌ လှူဒါန်းကြရာ ဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ **(အပေါ်ပွဲ)** အဆိုပါ သမုဒ်သိမ်အတွက် လှူဒါန်းလိုပါက ဆရာတော် ဖုန်း–၀၉–၅၁–၂၅၄၅၃ဆက် ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က–ပ)**

သွေးလွန်တုပ်ကွေးကာကွယ်ရေးအတွက် စုပေါင်းဆောင်ရွက်

လေးမျက်နှာ ဩဂုတ် ၃၀

လေးမျက်နှာမြို့တွင် ဆေးရုံ၊ စာသင်ကျောင်းများနှင့် ဈေးများအတွင်းခြင်း၊ ယင်ပေါက်ပွားမှု မရှိစေရေးနှင့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးတို့အတွက် ဩဂုတ် ၁၆ ရက်က ဟသံတမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ပူးပေါင်း၍ ခြင်ဆေးဖျန်းခြင်းကို အဖွဲ့ရုံးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် မြို့မိဖြို့ဖမများ အင်အား ၅၀ဝန်း စုပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ကျောက်တန်းမြို့ ရေစီးရေလာကောင်းမွန်ရေးအတွက် မြို့တွင်း ရေမြောင်းများ တူးဖော်ခြင်း၊ ရေမြောင်းများအတွင်း အမှိုက်များ၊ ရေဆိုးများ မရှိစေရေးအတွက် အဖွဲ့ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ စုပေါင်းဆောင်ရွက်မှုကို ဩဂုတ် ၂၁ရက်က အမှုဆောင်အရာရှိ ဦးဖြူညွှန့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမင်းဆွေတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (က–ပ)

မြို့နယ် သတင်းများ

မုဒုမြို့၌ မြေယာရှုခင်းအလှပန်းကွက်ပုံတော်

မုဒု ဩဂုတ် ၂၀

မုဒုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့အတွင်း ဖြတ်သန်းဖောက်လုပ်ထားသည့် မော်လမြိုင်–သံဖြူဇရပ် အဝေးပြေးကားလမ်းမကြီး မြို့တွင်းလမ်း၊ ဗိုလ်ချုပ်လမ်းဆုံရာနေရာတွင် မြေယာရှုခင်းအလှပန်းကွက်များ ပုံဖော်ဆောင်ရွက်မှုကို ဩဂုတ် ၉ရက်က အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်အေးဝါဝါတင်ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မော်လမြိုင်ကျန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့က သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် မြို့နယ်ကျန်းမာရေးအဖွဲ့ ဝန်ထမ်းများ၊ မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ မြို့နယ် အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မီးသတ် တပ်ဖွဲ့ဝင်များနှင့် မြို့နယ်စည်ပင်သာယာရေး အဖွဲ့ ဝန်ထမ်းများ စုပေါင်း၍ ဩဂုတ်၁၂ရက်က မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း မူကြိုနေ့ကလေးထိန်းကျောင်းဝင်း အတွင်းအပြင်နှင့် မြို့မ(၁)ရပ်ကွက်အတွင်း ရေမြောင်းများ ရှင်းလင်းမှုကို မြို့နယ်ဥက္ကဋ္ဌ ဦးဆောင်ကျော်မိုင်း၊ မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးတင့်လွင်ဦး(ငြိမ်း)တို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ကြို့ပင်ကောက်မြို့ အမှတ်(၈၇) သစ်စက်ခန်းမတွင် ဩဂုတ် ၂၄ရက်က ကြက်ငှက်တုပ်ကွေးရောဂါ ပညာပေးဟောပြောပွဲကျင်းပရာ စက်ရုံမန်နေဂျာ ဦးဆောင်သိန်းနှင့် ဝန်ထမ်းများအား မြို့နယ်ဆရာဝန် ဒေါက်တာကျော်မြင့်က ကြက်ငှက်တုပ်ကွေးရောဂါနှင့် ပတ်သက်၍ သိကောင်းစရာများကို ဟောပြောစဉ်။ (ဝ၄ဝ)

တာချီလိတ်မြို့နယ် ပြန်/ဆက် လုပ်ငန်းဆိုင်ရာများ ညှိနှိုင်းဆွေးနွေး

တာချီလိတ် ဩဂုတ် ၁၈

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ပြန်ကြားရေးဝန်ကြီး၏ မှာကြားချက်များ ရှင်းလင်းပွဲနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး လုပ်ငန်းဆိုင်ရာများ ညှိနှိုင်းဆွေးနွေးပွဲတို့ ဇူလိုင်၂၆ရက် နံနက်က တာချီလိတ်ခရိုင်၌ စာကြည့်တိုက်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးပြည်နယ်(အရှေ့ပိုင်း)လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးစိုးက ဝန်ကြီး၏ မှာကြားချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရေး အစီအစဉ်များကို ရှင်းလင်းသည်။ **(ယာဇု)**

ထို့နောက် တာချီလိတ်ခရိုင် ဦးစီးအရာရှိ ဦးမောင်ကြည်နှင့် မိုင်းဆတ်၊ မိုင်းဖြတ်ခရိုင် ဦးစီးအရာရှိများက လုပ်ငန်းတစ်ခုချင်းအလိုက် အကောင်အထည်ဖော် ဆောင်ရွက်ရမည့် နည်းလမ်းများကို ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ ဇူလိုင် ၂၇ရက် နှင့် ၂၈ရက်တို့တွင် လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးစိုးနှင့် ဦးစီးအရာရှိ ဦးမောင်ကြည်တို့သည် တာလေ၊ ကျိုင်းလပ်မြို့ရုံးများသို့ သွားရောက်ပြီး ဝန်ထမ်းများနှင့်တွေ့ဆုံကာ ဝန်ကြီး၏ မှာကြားချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ ကျေးရွာ ကိုယ်အားကိုယ်ကိုး စာကြည့်တိုက်များ ခိုင်မာအောင် ဆောင်ရွက်ရေးတို့ကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ပြန်မှာအာသံ နားဆင်ရာ

၃၃၆၉ ခုနှစ်
၀၆ခေါင်လပြည့်ကျော် ၁၁ ရက်
၈–၉–၂၀၀၇ (စနေနေ့)
နံနက်ပိုင်း

၀၇း၀၀ တရားတော် (ဦးဥဇ္ဇမသာရ ဆရာတော်ကြီး၏ မေရသုဘန့် ဂုဏ်တော်ကွန်ရှာ)

နေ့လယ်ပိုင်း

၀၉း၃၀ တူယုဉ်သိကြွေးစုတွဲတေး
(၁) ချစ်ရဲလားကွယ်မေးချင်တယ် (တူးတူး၊ ဟောနေဝင်း)
(၂) မေနေပြီလား (ဖြိုးကြီး၊ ဆုန်းသင်းပါရဲ)
(၃) ဟေ့ကောင်မလေး (အောင်အေးထွန်း၊ ရတနာဦး)

၀၉း၄၅ အဆီယံအစီအစဉ်

၁၁း၁၅ သားငါးဖွဲ့ဖြိုးပြည့်အကျိုး (ရေလန် ကကတစ်ငါးသားဖောက် လုပ်ငန်း)

၁၁း၃၅ ရေဒီယိုမဂ္ဂဇင်း
(၁) စာတတ်မြောက်ရေးကြိုးပမ်းပေး (ခေါင်းကြီး)
(၂) မင်္ဂလာပါ (ဆောင်းပါးသရုပ်ဖော်)

၁၂း၀၀ တစ်ပတ်အတွင်းနိုင်ငံတကာသတင်းများ

၁၂း၁၀ ကလေးများ၏ သိချင်းဆိုပြိုင်ပွဲ အစီအစဉ်

၁၂း၄၅ (၂၁)ရာစု လူမှုဝေါဟာရမိတ်ဆက် (ပထမပိုင်း) (မောင်ဆွေရှင်)

၁၃း၁၀ ပညာရေးအသံလွှင့်အစီအစဉ် (အထက်တန်း–ဓိဝေဒ) (ဓိဝေဒဘဆိုင်ရာ မေးခွန်းတို့ မေးခွန်းရည်များကို ကောက်ခံတင်ဖြဆိုနည်း)

ညနေပိုင်း

၁၆း၁၀ သိမှတ်စရာ မြန်မာစကား မြန်မာစာ (ပြင်ပလောကမှာ မရရှိနိုင်သော စာပေရသများ– မောင်ခင်မင်–ခန့်ဖြူ)

၁၇း၀၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) မေဇ္ဈာဇရွှေစောင်း (လိလိကြာညွှန့်)
(၂) ချစ်သူသာလှစေချင် (ခင်မောင်ကြီး)
(၃) ချစ်ရလွန်းသူရို့ (အမာစိန်)

၁၇း၁၀ (၁၅)ကြိမ်မြောက် မြန်မာရုံးရာ ယဉ်ကျေးမှု အဆုံး၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အဆိုပြိုင်ပွဲများလေ့လာရန် (ခေတ်ဟောင်း/ကာလပေါ်တေး)

၁၇း၃၀ တစ်ပတ်အတွင်းနိုင်ငံတကာသတင်း

၁၇း၄၅ ကျန်းမာကြွံခိုင်ဒို့မဏ္ဍိုင် (ကျစ်လျစ်သန်စွမ်းပြီး ကြွံခိုင်သော ကြက်သားများ–မေရလေး)
အင်္ဂလိပ်စကားပြောသင်ခန်းစာ (ခေါ်နှင်းရည်)

၁၈း၂၅ မေဇ္ဈာလက်ဆောင်ရတော်စီးရီး (မန်းသိရိသား ထုတ်လုပ်ရေးမှု မေဇ္ဈာလက်ဆောင်ပေးပို့သည့် မိုးစက်ခန်းဆီသို့ တမ်းချင်း–၃ တေးစီးရီး)

၂၀း၃၀ တေးသံစုံ (မြန်မာ့အသံအဖွဲ့)

၂၀း၄၅ ခံစားနားဆင် မြန်မာ့တေးသံစဉ်
(၁) ငွေညို့ပင် (စောင်းသိန်းဇေ)
(၂) လက်မှာထဲကယုန်ကလေးလို (မာမကြည်)
(၃) မေဇ္ဈာမီးခိမ်း (ထွဲထားသိန်းတန်)

စက်တင်ဘာ ၂ရက်က လှိုင်သာယာမြို့နယ် အမှတ် (၁၁)ရပ်ကွက် သာသနာပြုကျောင်း ဘုန်းတော်ကြီးပညာသင် နှစ်ထပ်ကျောင်းတော်ကြီး ကြွေပြားများခင်းနိုင်ရန်အတွက် (ဦးအောင်တင်)-ဒေါ်ငြိမ်းတို့အား အမှူးပြု၍ ဦးမြသောင်း (မောင်သာဖြန်း ထန်းတပင်)-ဒေါ်စိန်လှ၊ မောင်သန်းရွှေ-မအေးအေးဝင်း၊ မောင်မောင်အေး၊ မောင်သန့်ဇင်-မဥမ္မာဝင်းမိသားစုတို့က အလှူငွေကျပ်ငါးသိန်းကို သာသနာပြုကျောင်း ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ယသထံဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ကျောက်တံခါးမြို့ သာယာလှပရေး မြေခင်းအလှပြုပြင်

ကျောက်တံခါး ဩဂုတ် ၂၂

ပဲခူးတိုင်းစည်ပင် သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးအေးချို့နှင့်အဖွဲ့ ဩဂုတ် ၆ ရက်က ကျောက်တံခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သည့် မြို့ပြသာယာလှပရေးနှင့် ကျောက်တံခါးမြို့ဝင် မြို့ထွက်မြေခင်းအလှပြုလုပ်ခြင်းလုပ်ငန်းကိုသွားရောက် ကြည့်ရှုရာ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမောင်မောင်နိုင်မင်းတို့က လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ရန်ကုန်တိုင်း တာမွေ မြို့နယ် အနောက် မြင်းပြိုင်ကွင်းလမ်း အမှတ် ၇၂ / ဘီ - ၃ နေ ဦးကျော်ရှိန်-ဒေါ်မြညွန့်မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၂ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကကျောင်းတော်ကြီး ဆွမ်းပဒေသာပင် အတွက် လှူငွေကျပ် တစ်သိန်းကို ပိဋက တစ်ပုံအောင် ဆရာတော် ဘဒ္ဒန္တ အဂ္ဂသာရာလင်္ကာရထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး(ဘဏ္ဍာ) ဦးသိန်းကျော်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဖရူဆို ကြက်ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လု၊ ဆုပေးအပ်ချီးမြှင့်

ဖရူဆို ဩဂုတ် ၂၅

ကယားပြည်နယ် ဖရူဆိုမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြို့နယ်အားကစားနှင့် ကာယပညာကော်မတီတို့က ကြီးမှူးကျင်းပသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဖလား နောက်ဆုံးဗိုလ်လုပွဲကို ဩဂုတ်၁၃ရက် နံနက်၁၁နာရီကမြို့နယ် ပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။

ဗိုလ်စွဲ

ပြိုင်ပွဲတွင် ၁၆သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ နောက်ဆုံးဗိုလ်လုပွဲတွင် မြို့မအုပ်စုဘောလုံးအသင်းနှင့်ညောင်ဇင်ရပ်ကွက်ဘောလုံး အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြို့မအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ဆုချီးမြှင့်

ထို့နောက် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးကျော်ဝင်းလိုက ပထမဆုရရှိသော မြို့မအုပ်စု ဘောလုံးအသင်းအား ငွေသားဆုနှင့် ဖလားချီးမြှင့်ပြီး နေရာအလိုက် အကောင်းဆုံးဆု ရရှိသူတစ်ဦးချင်းစီနှင့် ဒုတိယဆုရရှိသော ညောင်ဇင်ရပ်ကွက်ဘောလုံးအသင်းအား ငွေသားဆုများကို တာဝန်ရှိသူများက ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်

မြိတ် ဩဂုတ် ၂၄

တနင်္သာရီတိုင်း မြိတ်မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုများတွင် နိုင်ငံသားစိစစ် ရေးကတ်ပြားများ ဆောင်ရွက်ပေးလျက်ရှိရာ ဩဂုတ်၁၉ ရက်က မြိတ်မြို့နယ် ကန်ကြီး ရပ်ကွက်အတွင်းရှိ နိုင်ငံသားအရည်အချင်း ပြည့်မီသူ ၇၄ဦးတို့အား နိုင်ငံသား စိစစ်ရေးကတ်ပြား ပေးအပ်ပွဲကိုကန်ကြီး ရပ်ကွက် အမှတ်(၄) အထကခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြိတ်ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်စိုးနှင့် မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးနောင် တို့က နိုင်ငံသားအရည်အချင်း ပြည့်မီသူ ၇၄ဦးအား နိုင်ငံသား စိစစ်ရေးကတ် ပြားများ ပေးအပ်သည်။(အပေါ်ပုံ) (ခရိုင် ပြန်/ဆက်)

မအူပင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ကြီးမှူး အမှုဆောင်များ စည်းရုံးရေးအခြေခံသင်တန်းဖွင့်

မအူပင် ဩဂုတ် ၂၉

မအူပင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ကကြီးမှူးဖွင့်လှစ်သော မြို့နယ်၊ ရပ်ကွက်နှင့်ကျေးရွာ အမျိုးသမီးရေးရာအဖွဲ့ အမှုဆောင်များ စည်းရုံးရေးအခြေခံ သင်တန်း အမှတ်စဉ်(၁/၂၀၀၇)ဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၇ရက် နံနက်က မအူပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပသည်။

ပို့ချ

သင်တန်းဖွင့်ပွဲတွင် မအူပင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကြည်ပြာဝင်းက အဖွင့်အမှာစကားပြောကြားပြီး အမျိုးသမီးရေးရာ သိကောင်းစရာများ သင်ကြားပို့ချသည်။ **(အပေါ်ပုံ)**

တက်ရောက်

ဆက်လက်၍ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်မြမြဝင်းက အခြေခံစည်းမျဉ်းများ သင်ကြားပို့ချသည်။ အဆိုပါသင်တန်းကို နှစ်ရက်ပို့ချခဲ့ပြီး သင်တန်းသို့ မြို့ပေါ်ရပ်ကွက် ၁၂ရပ်ကွက်နှင့် ကျေးရွာများမှ သင်တန်းသူ ၆၀တို့ တက်ရောက်ခဲ့ကြသည်။ **(ခရိုင် ပြန်/ဆက်)**

အိန္ဒိယနိုင်ငံ မွန်ဘိုင်းမြို့၌ တည်ဆောက်လျက်ရှိသော ကမ္ဘာ့ဝိပဿနာစေတီတော်ကြီးအတွက် အလှူရှင်ဦးတင်စိန်-ဒေါ်သိန်းသိန်းအေး မိသားစုက ငွေကျပ်တစ်သိန်းတန်ဖိုးရှိ ကျောက်စိမ်းဆွဲသီး ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)

ရန်ကုန်အဝေးသင်တက္ကသိုလ်
e- Education Learning Centre

သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်

(တနင်္လာမှ သောကြာ) မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ
(စနေ၊ တနင်္ဂနွေ) နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ

၁၀-၉-၂၀၀၇ (တနင်္လာနေ့)
- ❑ The Role of Psychology in Regional Development
  - စိတ်ပညာအထူးပြု အဝေးသင် နေ့ကျောင်းသား ကျောင်းသူများ အများပြည်သူများ
- ❑ Methods of Integration
  - ပထမနှစ် သိပ္ပံ နေ့ကျောင်းသား ကျောင်းသူများ

၁၁-၉-၂၀၀၇ (အင်္ဂါနေ့)
- ❑ ပုဂံမြို့ဟောင်းနှင့်ကျွန်တော် စာတမ်းငယ်လေ့လာချက်
  - ပထမနှစ်အထူးပြုအားလုံး၊ မဟာဝိဇ္ဇာအရည်အချင်းစစ်နှင့်မဟာဝိဇ္ဇာ (မြန်မာစာအထူးပြု)
- ❑ ပုဂံခေတ်ကျောက်စာများတွင် ထင်ဟပ်နေသော ပုဂံခေတ်အမျိုးသမီးများ
  - ပထမနှစ်မှမဟာ ဝိဇ္ဇာတန်းထိ အရည်အချင်းစစ်နှင့် မဟာဝိဇ္ဇာ(မြန်မာစာအထူးပြု)နှင့် ကျောင်းသား ကျောင်းသူများ၊ အများပြည်သူများ

၁၂-၉-၂၀၀၇ (ဗုဒ္ဓဟူးနေ့)
- ❑ Priority of Maritime Lien
  - နောက်ဆုံးနှစ်မဟာဥပဒေ(ပင်လယ်ရေကြောင်းအုပ်စု) တက်ရောက်နေသော ကျောင်းသား ကျောင်းသူများ
- ❑ မြန်မာလေ့ထုံးတမ်းဥပဒေအရ သားသမီးများ အမွေဆက်ခံရေး
  - ဒုတိယနှစ် ဥပဒေ၊ မဟာဥပဒေ(ပြည်တွင်း) တက်ရောက်နေသော ကျောင်းသား ကျောင်းသူများ

၁၃-၉-၂၀၀၇ (ကြာသပတေးနေ့)
- ❑ A Cultural Comparative Study between Pyu and Bagan
  - ရှေးဟောင်းသုတေသန အထူးပြု၊ မြန်မာမှုအထူးပြုနှင့် SEAP Studies ဘွဲ့ကြို/ ဘွဲ့လွန် သင်တန်းသားများအားလုံး
- ❑ Mammalia Heart
  - အဝေးသင်နေ့ ပထမနှစ် သတ္တဗေဒ၊ ရုက္ခဗေဒကျောင်းသားကျောင်းသူများ

၁၄-၉-၂၀၀၇ (သောကြာနေ့)
- ❑ The Culture of Visnu Old City
  - ရှေးဟောင်းသုတေသနပညာဘွဲ့ကြို/ ဘွဲ့လွန်သင်တန်းသားများအားလုံး
- ❑ သက်ရှိနှင့်ပတ်ဝန်းကျင်
  - ပညာပေး (ကျောင်းသား၊ ကျောင်းသူနှင့် လုပ်သားပြည်သူများ)

၁၅-၉-၂၀၀၇ (စနေနေ့)
- ❑ Application of Demand and Supply
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ၊ ပြည်သူ့ရေးရာအထူးပြု
- ❑ Book-keeping Procedures and Cash Book
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံအထူးပြု
- ❑ Historical Background of Myanmar Economy
  - ပထမနှစ် ပြည်သူ့ရေးရာအထူးပြု
- ❑ Myanmar Economic Reforms (1989-1996)
  - ပထမနှစ် ပြည်သူ့ရေးရာအထူးပြု
- ❑ Cash Book
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံအထူးပြု
- ❑ Total Debtors Account and Total Creditors Account
  - ပထမနှစ် စီးပွားရေးအထူးပြု
- ❑ The Preparation of Accounts from Single Entry or Incomplete Records
  - ပထမနှစ် စီးပွားရေးအထူးပြု
- ❑ Micro Business
  - ပထမနှစ် အိမ်တွင်းစီးပွားအထူးပြု
- ❑ Legal from of Organization
  - ပထမနှစ် အိမ်တွင်းစီးပွားအထူးပြု
- ❑ Measures of Dispersion
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ၊ အိမ်တွင်းစီးပွားအထူးပြု
- ❑ Simple Linear Regression
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ၊ အိမ်တွင်းစီးပွားအထူးပြု
- ❑ Correlation
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံအိမ်တွင်းစီးပွားအထူးပြု

၁၆-၉-၂၀၀၇ (တနင်္ဂနွေနေ့)
- ❑ Macroeconomics Policy Objectives and Instruments
  - ဒုတိယနှစ်စီးပွားရေး၊ ပြည်သူ့ရေးရာအထူးပြု
- ❑ Definitions of the Management Science
  - ဒုတိယနှစ်စီးပွားစီမံအထူးပြု
- ❑ Transformation of Variables
  - ဒုတိယနှစ်စီးပွားရေးအထူးပြု
- ❑ Random Variables and Distribution Function
  - ဒုတိယနှစ်စီးပွားရေးအထူးပြု
- ❑ Consignment Account
  - ဒုတိယနှစ်စီးပွားစီမံအထူးပြု
- ❑ International Trade & Financial Institutions
  - ဒုတိယနှစ်စီးပွားရေးအထူးပြု
- ❑ The Role of Supervisor
  - ဒုတိယနှစ်စီးပွားစီမံအထူးပြု
- ❑ Linear Programming I
  - ဒုတိယနှစ်စီးပွားစီမံအထူးပြု
- ❑ Linear Programming II
  - ဒုတိယနှစ်စီးပွားစီမံအထူးပြု
- ❑ Keynesian Policy Applied to the Economy
  - ဒုတိယနှစ်ပြည်သူ့ရေးရာ အထူးပြု
- ❑ - Management Science in Decision Making
  - ဒုတိယနှစ်စီးပွားစီမံအထူးပြု
- ❑ - Nature of Management
  - ဒုတိယနှစ်စီးပွားစီမံအထူးပြု

ရန်ကုန်အဝေးသင်တက္ကသိုလ်

ပထမနှစ်နှင့်ဒုတိယနှစ်သင်တန်း(စီးပွားရေးပညာ၊ စီးပွားစီမံ၊ ပြည်သူ့ရေးရာနှင့် အိမ်တွင်းစီးပွားအထူးပြု) ကျောင်းသားကျောင်းသူများအတွက်သင်ခန်းစာများကို ၁-၇-၂၀၀၇ရက် မှ ၁၄-၁၀-၂၀၀၇ရက်နေ့အထိစနေ၊ တနင်္ဂနွေနေ့တိုင်း နံနက်(၉)နာရီမှ ညနေ(၄)နာရီအထိ ထုတ်လွှင့်ပေးမည်ဖြစ်ပါ၍ မိမိတို့နှင့်အနီးစပ်ဆုံးသင်ယူမှုဌာနသို့ သွားရောက်သင်ယူနိုင်ကြပါသည်။

မုံရွာခရိုင် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ တိုင်းမှူး ပိုလ်ချုပ်သာအေး တက်ရောက်ဆုချီးမြှင့်

ရန်ကုန် စက်တင်ဘာ ၆

၂၀၀၇ခုနှစ် မုံရွာခရိုင် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို သြဂုတ် ၂၉ ရက် ည ၇နာရီက မုံရွာမြို့ ဖြို့တော်ခန်းမ၌ ကျင်းပသည်။

ရေးဦးစွာ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ကျင်းပရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးက အဆိုပြိုင်ပွဲ ဝါသနာရှင်အဆင့်(၁) ကာလပေါ် အမျိုးသား ပထမဆုရ ဆားလင်းကြီးမြို့နယ်မှ ဦးမြင့်လွင်အား လည်းကောင်း၊ အဆိုပြိုင်ပွဲ ဝါသနာရှင် အဆင့်(၂) ကာလပေါ် အမျိုးသား ပထမဆုရ ဆားလင်းကြီးမြို့နယ်မှ ဦးဌေးလွင်အားလည်းကောင်း၊ အဆိုပြိုင်ပွဲတွင် ဒုတိယဆုရ မုံရွာမြို့နယ်မှ ဦးဝင်းနိုင်ထွန်းအားလည်းကောင်း၊ တတိယဆုရ ချောင်းဦးမြို့နယ်မှ ဦးသန်းဇော်အားလည်းကောင်း၊ တိုင်းမှူး ဗိုလ်ချုပ်သာအေး၏ ဇနီး ဒေါ်ဝေဝေခိုင်က အဆိုပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့် ကာလပေါ် အမျိုးသမီးပထမဆုရ မုံရွာ စီးပွားရေးတက္ကသိုလ်မှ မအိအိဖြူအား လည်းကောင်း၊ ဒုတိယဆုရ မုံရွာစီးပွားရေးတက္ကသိုလ်မှ မမချူအားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ဧည့်ခံဖျော်ဖြေ

ဆက်လက်ပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မြို့မိမြို့ဖများက ပြိုင်ပွဲ အမျိုးအစားအလိုက် ပထမ၊ ဒုတိယ၊ တတိယရရှိကြသောပြိုင်ပွဲဝင် အနုပညာရှင်များအား ဆုများချီးမြှင့်ခဲ့ကြပြီး ပြိုင်ပွဲတွင် ဆုများရရှိခဲ့ကြသော အနုပညာရှင်များက ပြန်လည်ဆည်ခံ ဖျော်ဖြေကြသည်။

ဂုဏ်ပြုလက်ဆောင်

ထို့နောက် မုံရွာခရိုင်ဥက္ကဋ္ဌ ဦးခင်မောင်ကျော်က အဝါဖြတ်ခိုင်လှုံကြီးများအဖြစ် ဆောင်ရွက်ပေးခဲ့ကြသော အနုပညာရှင်များကိုယ်စား အဖွဲ့ခေါင်းဆောင် ဦးစိန်မောင်တင်အား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

(ခရိုင် ပြန်/ဆက်)

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး အဆိုပြိုင်ပွဲ ဝါသနာရှင် အဆင့်(၁) ကာလပေါ်အမျိုးသား ပထမဆုရ ဆားလင်းကြီးမြို့နယ်မှ ဦးမြင့်လွင်အား ဆုချီးမြှင့်စဉ်။ (ခရိုင် ပြန်/ဆက်)

သာယာဝတီမြို့နယ်နေ လူအများစု လယ်ယာလုပ်ငန်းဖြင့် အသက်မွေးမိုးစပါးတစ်ဧကော ဂ၅တင်းနှင့် နွေစပါးတစ်ဧကော ဂ၅တင်းထွက်ရှိ

နန္ဒာနှင့် တင်တင်ဝင်း တို့၏ သတင်းဖြင့်ပွင့်။ (၈- ၇)

ပိုးလေဝသအခြေအနေ

(၇-၉-၂၀၀၇)

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။

ချင်းတွင်းဖြစ်ရေ၏ နိုးရိမ်ရေမှတ်

နေပြည်တော် စက်တင်ဘာ ၆

ချင်းတွင်းဖြစ်ရေသည် ယနေ့နံနက် ၆နာရီ၌တိုင်းထွာချက်များအရ မော်လိုက်ဖြို့၌ ၁၁၆၄စင်တီမီတာနှင့် ကလေးဝဖြို့၌ ၁၄၃၃ စင်တီမီတာသို့ အသီးသီးရောက်ရှိနေကြသည်။ အဆိုပါဖြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၂၄နာရီအတွင်း မော်လိုက်ဖြို့၏နိုးရိမ်ရေမှတ် စင်တီမီတာ ၂၃၀နှင့် ကလေးဝဖြို့၏ နိုးရိမ်ရေမှတ် စင်တီမီတာ ၁၅၀အထက်သို့ အသီးသီးကျော်လွန်ရောက်ရှိနိုင်ကြကြောင်း နိုးလေဝသနှင့် ဒေသဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။

ဈေးမျိုးဆက်ကျောင်းသားဆိုသူများနှင့် NLD ပါတီတို့က အကြမ်းဖက် ငြိမ်းချမ်းစွာ ဆန္ဒပြခြင်းဟု ကြေညာချက်ထုတ်ပြန်

ယခုအခါ အပြောနှင့်အလုပ်ညီညွတ်မှုမရှိဘဲ အကြမ်းဖက်မှုများ ကျူးလွန်လာသည်ကိုတွေ့ရ ဈေး အရေးအခင်းကဲ့သို့ ဖြစ်ပေါ်လာအောင် ဖန်တီးမှုမျိုးကို လုံးဝလက်မခံနိုင်

ပြည်ပဆန့်ကျင်ဘက်အဖွဲ့များက ပြည်တွင်းဆန့်ကျင်ဘက်အဖွဲ့များထံ ဆူပူအုံကြွမှုဖြစ်ပေါ်ရန်ညွှန်ကြားပံ့ပိုးနေ ပြည်သူများအနေဖြင့် တည်ငြိမ်အေးချမ်းမှုနှင့် မိမိတို့အကျိုးစီးပွား ထိခိုက်ပျက်ပြားစေရန် လုပ်ဆောင်လာမှုကို လက်မခံဘဲ ကာကွယ်တားဆီးသွားကြရန် လိုလားလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၆

မကွေးတိုင်း ပခုက္ကူမြို့ရှိ ကျောင်းတိုက်အချို့မှ သံဃာအချို့ လှည့်လည်ဆန္ဒပြမည်ဟု သတင်းများရရှိသဖြင့် တာဝန်ရှိသူများက စက်တင်ဘာ ၅ ရက် မွန်းလွဲ ၂နာရီတွင် သွားရောက်လျှောက်ထားထိန်းသိမ်းခဲ့ကြောင်း၊ သို့ရာတွင် သံဃာများက လျှောက်ထားထိန်းသိမ်းမှုကို လက်မခံဘဲ ဆန္ဒပြအဖမ်းခံရသူများ လွှတ်ပေးရေးနှင့် ကုန်ဈေးနှုန်းကျဆင်းရေး ကြွေးကြော်ဆန္ဒပြပြီး သံဃာသမဂ္ဂဓါဇဦးစီးပါ ဆိုင်းဘုတ်များကို ကိုင်ဆောင်၍ ဗိုလ်ချုပ်လမ်းအတိုင်း လမ်းလျှောက်ဆန္ဒပြခဲ့ကြောင်း၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် မြို့နယ်သံဃာနာယကဥက္ကဋ္ဌဆရာတော် ဦးတေဇောဘာသာတို့က ထပ်မံမေတ္တာရပ်ခံတားဖြစ်သော်လည်း ဆန္ဒပြသံဃာများက လက်မခံဘဲ မြို့နယ်သံဃာနာယကဥက္ကဋ္ဌ ဆရာတော်အား တွန်းလှဲဖြတ်ကျော်ဆန္ဒပြခဲ့ကြသဖြင့် ဆရာတော်ကြီးနှင့် အများပြည်သူအတွက် အန္တရာယ်ရှိလာနိုင်သောကြောင့် သက်ဆိုင်ရာတာဝန်ရှိသူတို့က လက်နက်ငယ်ဖြင့် သုံးချက်မိုးပေါ်ထောင်စစ်ဖောက်၍ ခြောက်လှန့်လူစုခွဲခဲ့ကြောင်း၊ ထိုအခါ ဆန္ဒပြသံဃာဝဝဝန်းမှာ လူစုကွဲ ထွက်ပြေးသွားခဲ့ကြောင်း သိရှိရသည်။

သာသနာရေးဆိုင်ရာများလျှောက်ထား

သို့အတွက် စက်တင်ဘာ ၅ရက်နေ့ဖြစ်စဉ်မျိုး ထပ်မံဖြစ်ပွားစေခြင်း မရှိစေရန် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး၊ မကွေးတိုင်း သာသနာရေးဦးစီးမှူးနှင့် ခရိုင်၊ မြို့နယ်အဆင့် အုပ်ချုပ်ရေးနှင့်သာသနာရေးဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များသည် အရှေ့တိုက်ကျောင်း ဂေါပကအဖွဲ့ဝင်များနှင့်အတူ စက်တင်ဘာ ၆ရက် နံနက် ၉နာရီခန့်တွင် အရှေ့တိုက်ကျောင်းသို့ သွားရောက်ပြီး အရှေ့တိုက်ကျောင်းပဓာနဆရာတော် ဦးဝေဝုဏ္ဏနှင့် သံဃာတော် ၁၃ပါးတို့အား သာသနာရေးဆိုင်ရာများ သွားရောက်လျှောက်ထားခဲ့ကြောင်း၊ ထိုမှ ဓောဓိမဏ္ဍိုင်ကျောင်းတိုက်သို့ ဆက်လက်သွားရောက်ပြီး ပဓာနဆရာတော်ဦးဣန္ဒိယနှင့် သံဃာခြောက်ပါးတို့အား သာသနာရေးဆိုင်ရာများ လျှောက်ထားခဲ့ကြောင်း၊ ထိုမှ တစ်ဆင့် နံနက် ၉နာရီ မိနစ်၅၀ခန့်တွင် အလယ်တိုက်ကျောင်းတိုက်သို့ သွားရောက်ပြီး ပဓာနဆရာတော် ဦးသုမင်္ဂလ၊ မြို့နယ်သံဃာနာယကဥက္ကဋ္ဌ ဆရာတော်ဦးတေဇောဘာသအပါအဝင် ဆရာတော်လေးပါးတို့အား သာသနာရေးဆိုင်ရာများ လျှောက်ထားခဲ့ကြောင်း၊ ထိုသို့လျှောက်ထားနေချိန်တွင် သံဃာအပေါ်း ၅၀ခန့်က အလယ်တိုက်ကျောင်းတိုက်အပြင်ဘက်တွင် ရပ်ထားခဲ့သော ဌာနဆိုင်ရာတာဝန်ရှိသူများ၏ ကားလေးစီးကို ခဲများဖြင့် ပစ်ပေါက်ခြင်း၊ တွန်းလှဲခြင်းများပြုလုပ်ခဲ့သဖြင့် ကားမှန်များ ကွဲသွားခဲ့ကြောင်း၊ ထို့နောက် အလယ်တိုက်ကျောင်းတိုက်ဆရာတော်ကြီးများ၏ မေတ္တာရပ်ခံမှုကြောင့် နံနက် ၁၀နာရီ ၃၅မိနစ်ခန့်တွင် ခဲများဖြင့် ပစ်ခတ်မှုရပ်တန့်သွားခဲ့ကြောင်း၊

စာမျက်နှာ ၄ ကော်လံ ၄ ●